# သန်းမြင့်အောင်

## ရေဝေး
## ထိန်ပင်
## ထားဝယ်ချောင်



Than Myint Aung

နာရေးကူညီမှုအသင်း
နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ်
ထုတ်ဝေသည်။

ဖြန့်ချိရေး

ပင်နီစာအုပ်တိုက်
PINNY PUBLISHING HOUSE

အမှတ် (၂၀၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၂၄၄၂၀၅၊ ၂၈၁၄၂၄
အမှတ် (၁၅၀)၊ ၅ လွှာ (B)၊ လမ်း ၄၀၊ မဟာဗန္ဓုလလမ်းနှင့်
ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၂၈၄၃၃၄

# ရေဝေး

# ထိန်ပင်

# ထားဝယ်ချောင်

သန်းမြင့်အောင်

# မာတိကာ


| | |
|---|---|
| ကျွန်မနှင့် အရိပ်ကလေးများ | ၇ |
| အမြင့်ပျံငှက် | ၁၉ |
| ဘဝပန်းချီကားတစ်ချပ် | ၃၇ |
| မရဏသွားတောလား | ၅၅ |
| ချစ်ခြင်းနှင့် အပြိုင် | ၇၃ |



## သန်းမြင့်အောင်

၁၉၅၃ ခု စက်တင်ဘာ ၂၅ ရက်တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့၌ အဖ ဦးချစ်အောင်၊ အမိ ဒေါ်ရင်ရွှေတို့မှ မွေးဖွားခဲ့သည်။

စာပေနယ်သို့ ၁၉၇၈/၈၀ ခန့်တွင် စတင်ဝင်ရောက်၍ ဝတ္ထုတို၊ ဝတ္ထု ရှည်၊ ဆောင်းပါးများ ရေးသားခဲ့သည်။

လူမှုရေးပရဟိတလုပ်ငန်းများတွင် စိတ်ပါဝင်စား၍ **'ရေဝေး၊ ထိန်ပင်၊ ထားဝယ်ချောင်'** တွင်ပါဝင်သော စာစုများမှာ 'ရန်ကုန်မြို့ နာရေးကူညီမှုအသင်း' ဖြစ်မြောက်ရေးကော်မတီတွင် အဖွဲ့ဝင်တစ်ဦး အဖြစ်ပါဝင်လှုပ်ရှားမှုများမှရရှိခဲ့သော အတွေ့အကြုံများထဲမှ အချို့ကို ဝတ္ထုများ အဖြစ် ဖန်တီးရေးသားထားသော အကြောင်းအရာများ ဖြစ်သည်။

အနာကြီးရောဂါပပျောက်ရေးနှင့် မရမ်းချောင်းပညာရေး ထောက်ပံ့မှုအဖွဲ့၊ HIV ကာကွယ်ရေး၊ မိဘမဲ့ကလေးများ ပြန်လည်ထူထောင်ရေး ပရဟိတလုပ်ငန်းများနှင့် စိတ်ရောဂါအထူးကုဆေးရုံကြီး၏ စိတ်ကုထုံးသစ်များနှင့် ကုသရေးတို့တွင် ပါဝင်လှုပ်ရှားခဲ့ပြီး ရန်ကုန်မြို့ နာရေး ကူညီမှုအသင်းဖြစ်မြောက်ရေးကော်မတီတွင် လုပ်ငန်း ကြီးကြပ်ရေးကော်မတီဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။

# ကျွန်မနှင့် အရိပ်ကလေးများ

# ကျွန်မနှင့် အရိပ်ကလေးများ

"လူပုံက ဘယ်လောက်ရုပ်ကြမ်းကြမ်း အနုပညာသမားတွေရဲ့ နှလုံးသားဟာ သိပ်ပြီး ထိခိုက်လွယ်တာပဲ"

ဆိုတဲ့ ကျွန်မလိုပဲ အရုပ်ဆိုးတဲ့ စာရေးဆရာတွေကို နှစ်သိမ့်တဲ့ သူငယ်ချင်းရဲ့စကားကို ကျွန်မသွား အမှတ်ရမိသည်။

နာရေးကူညီမှုအသင်းတံဆိပ်ကို ရင်ဘတ်မှာ တပ်ထားတဲ့ကျွန်မနဲ့အတူ အလောင်းကူညီသယ်ယူဖို့ လုပ်အားပေးလိုက်လာကြတဲ့ နာရေးကူညီမှုအသင်းကားရဲ့ ယူနီဖောင်းအပြည့်အစုံကို ဝတ်ဆင်ထားတဲ့လူနှစ်ယောက်ကို မြင်လိုက်တာနဲ့ အသက်နှစ်ဆယ်ကျော်အရွယ်ရှိလောက်ပဲ ရှိဦးမယ့် ဖြူဖြူချောချော မိန်းကလေးတစ်ယောက်ဟာ....

"အမလေးလာနေကြပြီ၊ ကျွန်မသမီးလေးကို ခေါ်သွားကြတော့မယ်၊ သမီးလေးရေ" ဆိုပြီး အော်ငိုပါတော့တယ်။

ယိုင်နဲ့ယိုယွင်းနေတဲ့ အိမ်ကျဉ်းကျဉ်းကလေးရဲ့ ကြမ်းခင်းတွေပေါ်ကို သတိကြီးစွာနင်းတက်လာရတဲ့

ကျွန်မတို့အဖွဲ့ဟာ ရတ်တရက်တော့ ကလေးရဲ့အလောင်း ရှိရာကို လှမ်းပြီး မကြည့်နိုင်ကြသေးဘူး။

" ဒီနားကလာပါဆရာမ၊ ဒီဘက်ကို ဒီဘက်ကို။ ဟော့....ဧည့်သည် တွေကိုတွဲခေါ်ပါဦး"

ဆိုတဲ့ အသံနဲ့အတူ ကျွန်မတို့ကို ခရီးဦးကြိုပြုပြီး တွဲခေါ်သူ တွေဟာ ကလေးရဲ့အဘိုးနဲ့အဖေ၊ အဒေါ်တွေမှန်း နောင်မှသိလိုက်ရ တယ်။ ကမာရွတ်ဘက်က ခြံတစ်ခြံထဲမှာ ၂ လအရွယ် ကလေး အလောင်းတစ်လောင်းကို သွားသယ်ပြီး ချက်ချင်းသင်္ဂြိုဟ်ပေးရမယ်၊ ကလေးမိဘတွေက သိပ်ဆင်းရဲပြီး သင်္ဂြိုဟ်စရိတ်မတတ်နိုင်လို့ အကူ အညီတောင်းထားတယ်။ ရပ်ကွက်ထောက်ခံစာနဲ့ ဒေသန္တရကျန်းမာရေး ဌာနက သေဆုံးမှုမှန်ကန်ကြောင်း သင်္ချိုင်းလက်မှတ်လည်း အဆင့်သင့် ယူခိုင်းထားပြီးပြီ။ ဆရာမတို့သွားသယ်လို့ရပါပြီလို့ ရုံးကအုပ်ချုပ် ရေးမှူးဦးရဲအောင်ပြောတုန်းက ၂လအရွယ်ကလေး ငယ်လေးပဲဆိုတဲ့ အသိက ကျွန်မစိတ်ကို သိပ်ပြီးထိထိခိုက်ခိုက်မခံစားစေခဲ့တာတော့ အမှန်ပါပဲ။

" အစ်မရယ် ကျွန်မသမီးလေးကို ကြည့်ပါဦး၊ ပစ်ရက်စရာ မရှိပါဘူး၊ ကျွန်မမှာ ဒီသမီးကလေးတစ်ယောက်တည်း ဦးဦးဖျားဖျား မွေးထားရတာပါ။ ခဏလေးကြည့်ပါရစေဦး ခေါ်မသွားပါနဲ့ဦးနော်"

ကလေးအမေငယ်ငယ်လေးဟာ ကျွန်မကိုတောင်းပန်တိုးလျှိုးပြီး ရှိုက်ကြီးတငင်ငိုနေတုန်း ....

"ညီမကလည်းကွယ် သတိထားလေ၊ ဆရာမတို့ကိုအားနာစရာ ကောင်းပါတယ်၊ အစ်ကိုလည်းညီမလိုပဲ ခံစားရတာပေါ့၊ ဟိုမှာက အချိန်နဲ့ သင်္ဂြိုဟ်ရမှာ၊ သင်္ချိုင်းကိုလည်း အားလုံးလိုက်သွားကြမယ့်ဟာပဲ၊ ကဲပါဆရာမရယ် သယ်သာသွားပါတော့ဗျာ"

လို့ ပြောအပြီးမှာ အသက်အစိတ်လောက်ပဲရှိသေးတဲ့ ကလေး အဖေဟာလည်း တစ်ဘက်ကိုလှည့်ပြီး မျက်နှာကိုလက်ဝါးနဲ့အုပ်ပြီးငို

လိုက်မှ ကျွန်မ ကလေးအလောင်းကို စေ့စေ့ကြည့်မိလိုက်တယ်။

" အလို ဘုရား....ဘုရား၊ နှမြောစရာကောင်းလိုက်တဲ့ သမီးကလေးရယ်"

ထင်ရှူးသေတ္တာပျဉ်ချပ်တွေကို ခေါင်းသေးသေးလေးတစ်လုံးလို စပ်ထားတဲ့ပတ်ပတ်လည်မှာ ဗလာစာရွက်အဖြူတွေကို အတွင်းအပြင် အပြည့်ကပ်ပြီး သူတို့အဆင့်နဲ့သူတို့ အလှဆုံးဖြစ်အောင်ဖန်တီးထားတဲ့ ဘေးတစ်ဖက်မှာတော့ 'မငုဝါဖူး၊ အသက်(၂) လ' ဆိုတဲ့ စာတန်းကလေး ရေးထားတဲ့ခေါင်းထဲကသမီးလေးဟာ နှာမည်နဲ့လိုက်အောင် အသားလေးက ဝင်းဝါလို့၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းလုံးလုံးကလေးနဲ့ တမင်ဆွဲထားသလားလို့ထင်ရတဲ့ မျက်ခုံးတန်းတန်းသေးသေးလေး နှစ်ဘက်ဟာ ထိဆက်လုမတတ်နဲ့ နက်မှောင်နေတယ်။

မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်တဲ့ ကျွန်မရင်ထဲမှာတောင် လှိုက်ခနဲတုန်သွားရလေတော့ အမိအဖတို့၏ရင်အစုံကား မကွဲရုံတမယ် သာရှိတော့မှာ အသေအချာပင်။

" သယ်လိုက်တော့မယ်နော် ဆရာမ"

ယာဉ်နောက်လိုက်နှစ်ဦးရဲ့တိုင်ပင်မှုကို ကျွန်မခေါင်းညိတ်အသိအမှတ် ပြုလိုက်တဲ့ အခိုက်မှာပဲ....

" သွားပေတော့ မိန်မလှကလေးရေ၊ အဘိုးတို့အဘွားတို့ အမျိုးထဲကို တစ်ခေါက်လောက်တော့ပြန်လှည့်လာခဲ့ပါဦး ကလေးရယ်"

လို့ ငိုသံပါကြီးနဲ့ပြောလိုက်တဲ့အသံတစ်သံဟာ ကျွန်မတို့ရဲ့ နောက်မှာ ကျန်ရစ်ခဲ့တယ်။

* * *

"၄-နှစ် ကလေးတစ်ယောက် (၇)ထပ်တိုက်ပေါ်ကကျလို့တဲ့ဗျာ၊ ပွဲချင်းပြီးပဲ။ ဆေးရုံအအေးခန်းရောက်နေပြီ၊ ကျုပ်တို့ကထိန်ပင် သုသာန်ကို ပို့ပေးရမယ်"

နာရေး ကူညီမှုအသင်းသူအသင်းသားတွေဖြစ်နေမှတော့ နေ့စဉ် နာရေးကိစ္စတွေကိုသာ ကုသိုလ်ဖြစ်ဆောင်ရွက်ပေးနေရတာ မှန်ပေမယ့် နုနယ်ငယ်ရွယ်သောကလေးများရဲ့ အဖြစ်ဆိုးများကတော့ဖြင့် ကျွန်မတို့၏ရင်ကို ထိတ်ခနဲနာကျင်စေကြတာအမှန်ပင်။

“ဘယ်လိုကနေဘယ်လိုကျရတာတဲ့တုန်း၊ တစ်ခါတည်းတန်းပြီး မီးသင်္ဂြိုဟ်မှာလား၊ အအေးခန်းကိုပို့ရမှာလား”

“တိုက်က (၈)ထပ်တိုက်တဲ့ဗျာ၊ (၇)လွှာမှာ ကလေးနှစ်ယောက်ကို သိပ်ထားပြီး အမေက အောက်ဆုံးအထပ်ရှေ့က မြေညီလမ်းပေါ်မှာ အကြော်ဆိုင်ဖွင့်ထားသတဲ့၊ ခဏနေတော့ အကြီးမလေးကနိုးပြီး အိမ်အောက်ကိုဆင်းပြီး အမေ့ဆီကမုန့်သွားတောင်းတယ်။ အဲဒီအချိန်မှာ အငယ်ကောင်လေး နိုးလာပြီးကြည့်တော့ အိမ်ပေါ်မှာ သူတစ်ယောက်တည်း၊ သူ့အမေကိုအော်ခေါ်လိုက်တာ။ ဖြစ်ချင်တော့ ဝရံတာတံခါးက အရှင်တပ်ထားတာ ဂျက်မချထားဘူး၊ သော့မခတ်ထားဘူး၊ အဲဒီမှာတင် ကလေးကကျွံပြီးကျသွားတာ။ ဝရံတာရှေ့မှာ စောင်တစ်ထည် လှမ်းထားလို့ ကြောက်ကြောက်လန့်လန့်နဲ့ စောင်ကိုလှမ်းဆွဲလိုက်နိုင်တယ်။ အဲဒါကြောင့်ပဲ စောင်နဲ့လူနဲ့ ပတ်ပြီး မြေကြီးပေါ်ရောက်လာတော့ အသက်မရှိတော့ပေမယ့် တစ်စစီပြန့်ကြဲမသွားတာကို ကျေးဇူးတင်ရဦးမယ်။ အခုကျွန်တော်တို့က အဲဒီကလေး အလောင်းကို ဆေးရုံကနေသွားသယ်ပြီး ထိန်ပင်အအေးတိုက်ကိုပို့ပေးရမှာ ကလေးနာမည်က ‘ကျော်ကျော်ဌေး’တဲ့”

ထိုအချိန်တွင် ကျွန်မ၏ရင်ထဲသို့ သမီးလေးငုဝါဖူးနှင့်အတူ ကျော်ကျော်ဌေးဆိုသော သားကလေးတစ်ယောက်ပါ ဝင်ရောက်နေရာယူစပြုနေပြီမှန်း နောင်အချိန်ကြာလာသည်နှင့်အမျှ ကျွန်မသိလာရပေသည်။ ငုဝါဖူးကလေး ယခုသာအသက်ထင်ရှားရှိလျှင် (၆)လကျော် (၇)လထဲသို့ပင် ရောက်လုပေပြီ။

ဝါဝါဝင်းဝင်း ဝဝကစ်ကလေးနှင့် ငုတ်တုတ်ထိုင်နိုင်သည့်အရွယ်၊ အရုပ်ကလေးတွေနှင့်ပင် ကစားတတ်နေလောက်ပေပြီ။

* * *

"ဟုတ်ပါတယ်ခင်ဗျာ၊ နာရေးကူညီမှုအသင်းကပါ"

"ဩော် – ဒဂုံမြို့သစ် ၇/၈ ဆေးရုံကလား၊ ပြောပါခင်ဗျ၊ ဘာကူညီပေးရမလဲ"

"ကလေးနာမည်က ပြည့်ဖြိုးမောင်၊ အသက်(၆)နှစ်။ ဟုတ်ပါပြီခင်ဗျ၊ ဆေးရုံကဆက်တာဆိုတော့ လိုအပ်တဲ့သချိုင်းလက်မှတ်တွေ ဘာတွေလုပ်ဖို့ကတော့ပြောစရာမလိုတော့ဘူးပေါ့နော်။ ဟုတ်ကဲ့ ဟုတ်ကဲ့ခင်ဗျ၊ လိုအပ်တဲ့ စာရွက်စာတမ်းတွေ အဆင်သင့်ဖြစ်နေရင်တော့ ကျွန်တော်တို့အခုပဲကား လွှတ်ပြီးလာယူလို့ရပါပြီ။ ကျွန်တော်တို့က ဘယ်လိုကူညီဆောင်ရွက်ပေး စေချင်တာလဲဆိုတာလည်း ကြိုတင်အမိန့်ရှိပါဦး"

"ကျွန်တော်တို့ လုပ်ပေးနိုင်တာက အိမ်မှာဖြစ်စေ၊ ဆေးရုံမှာဖြစ်စေ၊ ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာ၊ အရွယ်ကြီးငယ်မရွေး၊ သေဆုံးသွားပြီး မတတ်နိုင်လို့ဖြစ်စေ၊ အတွေ့အကြုံမရှိလို့ အသုဘကိစ္စကို မစီစဉ်တတ်လို့ဖြစ်စေ ကျွန်တော်တို့အသင်းကို အကူအညီတောင်းရင် ကျွန်တော်တို့က ကုသိုလ်ဖြစ် အခမဲ့ ကူညီပေးနေတဲ့အသင်းဖြစ်ပါတယ်။ ဘယ်သူတစ်ဦး တစ်ယောက်ကိုမှ ငွေကြေးတစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါဘူးခင်ဗျ။ တတ်နိုင်တဲ့မိသားစုက လှူချင်တန်းချင်တဲ့ ဆန္ဒဖြစ်ပေါ်လာရင်တော့ ကျွန်တော်တို့အသင်းကြီးရဲ့ လုပ်ငန်းတွေ စဉ်ဆက်မပြတ်လည်ပတ်နေဖို့နဲ့ သည့်ထက်တိုးပြီး ကူညီဆောင်ရွက်နိုင်ဖို့အတွက် တရားဝင်မှတ်တမ်းမှတ်ရာ ငွေလက်ခံဖြတ်ပိုင်းတွေနဲ့ လက်ခံပေးပါတယ်။ အဲဒီအလှူငွေတွေက အခုဆရာတို့အကြောင်းကြားတဲ့

ဆင်းရဲချို့တဲ့တဲ့မိသားစုတွေအတွက် ကျွန်တော်တို့ တစ်ဆင့်ထက် တစ်ဆင့်တိုးပြီး အကူညီပေးနိုင်တာပေါ့ခင်ဗျာ"

"..............."

"ဟုတ်ကဲ့ပါခင်ဗျာ၊ အဲဒီလိုအသေအချာမေးမြန်းစုံစမ်းနေတာကိုပဲ ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်။ ဆရာတို့လို လူမျိုးစုံနဲ့ထိတွေ့ နေကြရတဲ့သူတွေက အသေအချာသိထားတော့ ကျွန်တော်တို့ရဲ့လုပ်ငန်းတွေကို တစ်ဆင့်ပြန်ပြောပြလို့၊ တစ်ဆင့်နှုတ်အားဖြင့် ကူညီပေးရတာပေါ့ခင်ဗျာ။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့အသင်းရဲ့လုပ်ဆောင်မှုတွေကို လိုအပ်နေတဲ့သူတွေဆီကို သတင်းပျံ့နှံ့စေချင်တာပါ။ အခုအခြေအနေမှာ ကျွန်တော်တို့လုပ်ပေးနိုင်တာက အိမ်မှာရှိတဲ့အလောင်း၊ ဒါမှမဟုတ် ဆေးရုံမှာရှိတဲ့အလောင်းကို လိုအပ်တဲ့စာရွက်စာတမ်းပြည့်စုံတာနဲ့ အအေးခန်းကို ပို့ပေးနိုင်ပါတယ်၊ ဒါမှမဟုတ် တန်းပြီးသင်္ဂြိုဟ်မယ်ဆိုရင်လည်း မီးသင်္ဂြိုဟ်ခကိုပါ ကျခံကူညီပေးပါတယ်။ ခန္ဓာကိုယ်ကို အအေးခန်းကိုအရင်ပို့ ပြီး (၂)ရက်ထား မယ်၊ ပြီးမှ (၃)ရက်မြောက်နေ့မှာ ခန်းမမှာပြင်ဆင်ပြီး မီးသင်္ဂြိုဟ်မယ်ဆိုရင်လည်း အအေးခန်းခ ၂ ရက်စာ၊ ခန်းမ(၃) အတွက်ငှားရမ်းခငွေ၊ (ခန်းမ(၃) တစ်ခုတည်း နာရေးကူညီမှုအသင်းအတွက် နှုန်းထား)နဲ့ မီးသင်္ဂြိုဟ်ခကိုပါ အကုန်အကျခံ သင်္ဂြိုဟ်ပေးပါတယ်။ အဲဒီ မီးသင်္ဂြိုဟ်တဲ့နေရာမှာ ကျွန်တော်တို့အသင်းရဲ့ လုပ်ပေးနိုင်တဲ့ အနေအထားက လူခန္ဓာကိုယ်တင်ထားတဲ့ ကပ်ပေါ်မှာ အလူမီနီယမ်ခေါင်းကိုအုပ်ပြီး မျက်နှာပြင်နေရာမှာမှန်တပ်ထားပေးပါတယ်၊ မီးမသင်္ဂြိုဟ်မချင်း မှန်ထဲကနေသေသူရဲ့မျက်နှာကို အားရအောင်ကြည့်နိုင်ကြဖို့ပါ။ မီးသင်္ဂြိုဟ်စက်ထဲရောက်သွားလို့ ဂိတ်တံခါး ပိတ်သွားပြီးတဲ့အခါမှာတော့ ကျွန်တော်တို့က အပေါ်ကအုပ်ထားတဲ့ အလူမီနီယမ်ခေါင်းကိုယူလိုက်ပြီး လူခန္ဓာကိုယ်နဲ့အောက်ခံကပ်ကို မီးသင်္ဂြိုဟ်စက်ထဲထည့်လိုက်ပါတယ်ခင်ဗျ။ ဒါက ကျွန်တော်တို့ လောလောဆယ်

လုပ်ပေးနိုင်တဲ့အတိုင်းအတာကိုပြောတာပါ၊ ဩော်– တစ်ခုရှိသေးတယ်ခင်ဗျ၊ သင်္ဂြိုဟ်ခါနီးဆဲဆဲလူအတွက် သရဏဂုံတင်ဖို့အခက်အခဲရှိတယ်ဆိုတဲ့သူတွေကိုလည်း ကျွန်တော်တို့အသင်းကပဲ လှူဖွယ်ဝတ္ထုငွေနဲ့အတူ သံဃာတော်တစ်ပါးပင့်ပြီး သရဏဂုံတင်ပေးပါတယ်ခင်ဗျာ"

"...........”

"ဩော် – ဟုတ်ကဲ့ ဟုတ်ကဲ့ကောင်းပါပြီ၊ ဖြစ်ပါတယ်ဆရာ စိတ်ချ ပါ။ ကျွန်တော်တို့ကား အခုပဲလွှတ်ပေးလိုက်ပါ့မယ်"

အသင်းရဲ့လုပ်ဆောင်မှုတွေကို မမောနိုင်မပန်းနိုင် အားတက်သရော ရှင်းပြနေတဲ့ ရုံးအဖွဲ့မှူးရဲ့စကားအဆုံး ဖုန်းချအပြီးမှာတော့ ကျွန်မတို့ဘက်ကို လှည့်ပြီး....

"ကဲ – ဆရာမတို့ရေ၊ ၇/၈ ဆေးရုံက အအေးခန်းဝန်ထမ်းတစ်ယောက်က ဖုန်းဆက်တာ။ သူတို့ဆေးရုံမှာ (၆)နှစ်ကလေးတစ်ယောက် ပိုးထိပြီး ဆုံးလို့တဲ့။ အဲဒါ ကျွန်တော်တို့အသင်းကကားနဲ့ သွားသယ်ပြီး ထားဝယ်ချောင်သုသာန်မှာ မီးသင်္ဂြိုဟ်ပေးရမယ်၊ ကလေး မိဘတွေက သိပ်ဆင်းရဲတယ်တဲ့။ အဖေကအလုပ်သွားတုန်း၊ အမေကလည်း ကိုယ်ဝန်အရင့်အမာနဲ့ ဗိုက်နာနေတုန်းမှာ အိမ်ဘေးမှာ ဆင်းဆော့နေတဲ့ကလေးကိုပိုးထိတာတဲ့။ အိမ်နီးနားချင်းတစ်ယောက် ကပြေးပွေ့ပြီး ဆေးရုံပို့တုန်းပဲ လမ်းတင်အသက် ထွက်သွားတာတဲ့။ အခုတော့ ကလေးအဖေလည်းရောက်နေပြီ။ အမေကတော့ ဗိုက်နာနေဆဲပဲ။ အသုဘရှင်က မွေးဖွားမယ့်လူနာကလည်း တစ်ဖက်က စိုးရိမ်နေရလို့ ကလေးကိုချက်ချင်းပဲ သင်္ဂြိုဟ်ချင်တယ်။ သရဏဂုံတင်ဖို့လည်း ကျွန်တော်တို့ပဲစီစဉ်ပေးရမှာမို့ ဆရာမတို့ ဘုန်းကြီးပါ တပါတည်းပင့်သွားပေးရမှာ"

ထိုနေ့ကတာဝန်ကျသည့် ဒေါ်သူဇာမြင့်နှင့်ကျွန်မတို့ ချက်ချင်းပဲ အလုပ်ရှုပ်သွားကြသည်။ ဒေါ်သူဇာမြင့်ကိုယ်တိုင် နာရေးကားကို

မောင်း၍ အသင်းတည်ရာဗြဟ္မဝိဟာရကျောင်းတိုက်မှ သံဃာတော်တစ်ပါးကိုပင့်၊ စာအိတ်တစ်အိတ်နှင့်ဝတ္ထုငွေကပ်လှူရန်စီစဉ်ပြီး ကားကိုမြောက်ဒဂုံ ၇/၈လမ်း ဆုံဆေးရုံသို့မောင်းလာခဲ့ကာ ကလေးအလောင်းကို သရဏဂုံတင်ပြီး ထားဝယ်ချောင်သုသာန်သို့ သယ်ယူလာသည့်အခါတွင်တော့ ပြည့်ဖြိုး မောင်ဆိုသည့်အမည်နှင့်လိုက်ဖက်စွာ ညိုညိုတုတ်တုတ်နှင့် ချစ်စရာကလေးငယ်တစ်ယောက် ကျွန်မရင်ထဲသို့ဝင်ရောက်လာပြန်သည်။

မကြာခင်ကပင် ထိုမြောက်ဒဂုံဆေးရုံမှပင် မောင်နှမနှစ်ယောက်ခွေးရူးကိုက်ခံရသည့်အနက် (၇)နှစ်အရွယ်ထက်ဝေအောင်ဆိုသည့် အကြီး ကောင်ကလေးသေဆုံးသွားသည့်အကြောင်းကိုစကိုလိုက်ပါဆောင်ရွက်ကြသူ ကျွန်မတို့အသင်းမှအမှုဆောင်များ၏ ပြောပြချက်နှင့်ပင် ထိုကလေး၏ အသွင်သဏ္ဌာန်ကို ကျွန်မရော်ရမ်းမှန်းဆကာ ပုံဖော်နေမိပြန်သည်။

လူသားတစ်ယောက် လူ့အဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်ဖြစ်တည်ပြီးသည်၏နောက်ဆုံးတစ်နေ့သည် သေလွန်ပြီးမြောက်ခြင်းဆိုသည့် ‘သဘောတရား’များကို ‘တရားသဘော’နှင့် ဘယ်လိုပင်ဆင်ခြင်နိုင်သော်လည်း နိစ္စဓူဝတွေ့နေ မြင်နေရသည့်ရုပ်ခန္ဓာများထဲမှ ယခုကဲ့သို့ဖူးသစ်စအရွယ် လူမမယ်ကလေးများကိုဖြင့် ကျွန်မတော်တော်နှင့်မမေ့နိုင်တော့ဘဲ စိတ်ပန်းလူပန်းနှင့်နွမ်းနယ်လွန်းသောအခါများတွင်တော့ ကျွန်မတစ်ယောက် တည်းရှုသွပ်စွာပင် စိတ်ကူးပုံရိပ်ထဲ၌ ကျော်ကျော်ငွေးတို့၊ ပြည့်ဖြိုးမောင်တို့၊ ထက်ဝေအောင်တို့နှင့်အတူငုဝါဖူးကလေးကို ချစ်စနိုးနှင့်ချော့မြှူယုယကာ ကစားနေမိလေတော့သည်။

**သန်းမြင့်အောင်**

**ကလျာမဂ္ဂဇင်း**

**၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ**

# အမြင့်ပျံငှက်

# အမြင့်ပျံငှက်

"လူတွေအများကြီးရှိနေကြတဲ့ လူအဖွဲ့အစည်းကြီးထဲမှာ လူအစစ်တစ်ယောက်ရဲ့ဘဝတန်ဖိုးအမှန်နဲ့ ဂုဏ်သိက္ခာရှိရှိနေထိုင်ပြခဲ့တဲ့မောင်လေးအတွက် အစ်မဂုဏ်ယူတယ်"

ဆိုတဲ့စာရွက်ကလေးကိုမောင်လေးရဲ့ရုပ်ခန္ဓာနဲ့ အတူတွဲပြီး မီးသင်္ဂြိုဟ်မပစ်ရက်ခဲ့တာကိုတော့ ကျွန်မနောင်တ မရချင်တော့ပါ။

'လူတစ်ယောက်ရဲ့ဘဝကို လိမ္မော်သီးတစ်လုံးနဲ့ တင်စား နှိုင်းဆိုမယ်ဆိုရင် 'အချစ်'ဆိုတဲ့အရာဟာ အဲဒီလိမ္မော်သီးထဲက အမွှာကလေးတစ်မွှာ အကန့်ကလေးတစ်ကန့်သာဖြစ်တယ်။ ကျန်တဲ့ အမွှာတွေအကန့်တွေဟာ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ အမျိုး၊ ဘာသာ၊ သာသနာနဲ့ လူ့လောကကြီးကို အကျိုးပြုရမယ့် အစိတ်အပိုင်းတွေသာ ဖြစ်တယ်' ဆိုတဲ့ ကျွန်မရဲ့ အဆိုကို မောင်လေးဟာခြွင်းချက်မရှိ ထောက်ခံခဲ့ဖူးတယ်။

ပြီးတော့ အသက်နဲ့မမျှအောင် ပျို့ရွယ်နနယ်

လွန်းတဲ့မောင်လေးဟာ နဂိုအသက်ထက်ပိုပြီးအိုစာ နေတဲ့ ကျွန်မကို အမေရင်း အစ်မရင်း လိုချစ်ခင် တွယ်တာနိုင်လွန်းတာလည်း ကျွန်မဘဝထဲက ကျေနပ်ဖွယ်ရာ အစိတ်အပိုင်း တစ်ခုပါပဲ။

**အစ်မ**

**အရင်က ကြားဖူးတယ်**

**အခုတော့ခင်လိုက်ရပြီ**

**နောက်လည်း ဆက်လက်ခင်မင်ချင်ပါတယ်။**

**လေးစားခင်တဲ့**

**နေဝန်းနီ**

ဆိုတာ မောင်လေးနဲ့ ကျွန်မ စ,စချင်းတွေ့တဲ့နေ့က ကျွန်မမွေးနေ့အတွက် အစ်ကိုကြီးလိုဖြစ်နေတဲ့ ဓာတ်ခွဲမှူးစာရေးဆရာတစ်ယောက် လက်ဆောင်ပေးတဲ့ အမှတ်တရစာအုပ်ကလေးထဲမှာ မောင်လေး ရေးထားခဲ့တာ၊ 'နောင်လည်း ဆက်လက်ခင်မင်ချင်ပါတယ်'ဆိုတဲ့ မောင်လေးဟာ နောက်ဆုံးတော့ ကျွန်မရဲ့မျက်စေ့အောက်မှာတင် မီးတောက်မီးလျှံတွေရဲ့ ဝါးမျိုခြင်းကိုခံရတဲ့အထိကို ကျွန်မနဲ့ရင်းချာခဲ့ရတဲ့အတွက် ကျွန်မမှာတော့ မေ့မရနိုင်အောင်ပါပဲ။

* * *

အလွန်တရာကို သပ္ပာယ်ကြည်ညိုစရာကောင်းလှတဲ့ ပိတ်စအဖြူပေါ်မှာ ရွှေဝါရောင်ခြည်နဲ့ထိုးဖောက်ရက်ရှယ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်နဲ့ ပဥ္စဝဂ္ဂီငါးဦးရဲ့ပုံတော်ရယ်၊ အဖြူနဲ့မီးခိုးဖောက်ထားတဲ့ အတုမရှိဗုဒ္ဓရုပ်ပွားတော်မြတ်ရဲ့ ပုံတော်နဲ့လက်ရာတွေဟာ အံ့သြစရာကောင်းလောက်အောင်မြင်သူတွေငေးမောအားကျယူရတဲ့ လက်ရာတွေရဲ့ပိုင်ရှင်ဟာလည်း ကျွန်မမောင်လေးပဲပေါ့။

"မောင်လေးရယ် မင်းဒီပညာတွေကို ဘယ်ကနေတတ်လာရတာ

လဲကွာ။ တော်ရုံတန်ရုံ မိန်းကလေးတွေတောင် ဒီလောက်စိတ်မရှည်နိုင်ဘူး။ ချည်ကိုတစ်ချက်ချင်းထိုးပြီး အသေးစိတ်ချယ်မှုန်းရတာ၊ ပြီးတော့အရောင်စပ်ပုံကလည်း သိပ်ကိုပညာပါတာ"

ဆိုတော့ သူကရယ်မောပြီး....

"အဆောင်မှာနေတုန်းက ကျွန်တော်တို့သူငယ်ချင်းတွေစုပြီးထိုးကြရင်းက တတ်သွားတာအစ်မရဲ့၊ နောက်ထပ်အစ်မကို ပြစရာတွေအများကြီးရှိသေးတယ်။ ကျွန်တော်သာ ကျန်းမာရေးကြောင့် ကျောင်းထွက်ရပြီး အစ်မဆီရောက်လာတာ၊ အဆောင်မှာ ကျွန်တော့်သူငယ်ချင်းတွေအများကြီး ရှိသေးတယ်၊ သူတို့လည်း လက်ရာမြောက်တာပဲ"

"ကောင်းတာပေါ့ကွာ၊ အဲဒီလက်ထိုးပန်းချီကလေးတွေစုထားပြီး တစ်နေ့နေ့မှာ တို့တွေပြပွဲတစ်ခုလုပ်ရင်မကောင်းဘူးလား"

လို့ ကျွန်မကအကြံပေးတော့ မောင်လေးကလက်ခံခဲ့တယ်။ အဲဒီနောက် သစ်ပင်ကလေးတွေ၊ ပန်းပွင့်ကလေးတွေ၊ ကကြိုးရုပ်ကလေးတွေ၊ လရောင်ကိုမျှော်နေတဲ့ သစ်ကိုင်းပေါ်ကငှက်ရုပ်ကလေးတွေကိုအားကြိုးမာန်တက် ပိတ်စဖြူဖြူပေါ်မှာခဲ့နဲ့ဆွဲတော့တာပဲ။ အဲဒီပေါ်မှာမှချည်ရောင်ကိုရွေးပြီး တဖြည်းဖြည်းထိုးယူရမှာလေ။ ဥပမာ– ကံ့ကော်ပန်းပွင့်ကလေးတွေဆိုရင် ဝတ်မှုံဝတ်ဆံကအဝါရင့်ရောင်၊ ပွင့်ဖတ်ကအဖြူနဲ့အရွက်က အစိမ်းရင့်ရင့်ပေါ့။ မောင်လေးဟာသိပ်ပြီး အနုပညာဆန်တဲ့လူတစ်ယောက်ပဲ။ သူ့ရဲ့ လက်ချောင်းဖြူဖြူရှည် သွယ်သွယ်ကလေးတွေဟာ မိန်းမလှလေးတစ်ယောက်ရဲ့ လက်ချောင်းကလေးတွေလိုပဲ ကဗျာဆန်တယ်၊ ပျော့ပျောင်း ပြီးသွက်လက်နေတယ်။

အဲသည်လို လူနေဟန်နန့်ပျော့ပျောင်းနေပေမယ့် မောင်လေးရဲ့စိတ်ဓာတ်ကတော့ သံမဏိကအဖေခေါ်ရလောက်အောင် မာကျောကြံ့ခိုင်နိုင်ပါပေတယ်။ သဘာဝကပေးတဲ့ လောကဓံတရားတွေနဲ့အတူအထူးပြု လုပ်ချက်ဘေးအန္တရာယ်အသွယ်သွယ်ကိုအံ့တုကျောခိုင်းပြီး

ကြဲ့ကြဲ့ခံလာနိုင်တဲ့မောင်လေးဟာ ကျွန်မနဲ့တစ်အူထုံ့ဆင်း မောင်နှမ အရင်းလိုချစ်လာကြပြီးခါမှ လောကကြီးတစ်ခုလုံးကို ကျောခိုင်း ထွက်ခွာသွားတဲ့ကိစ္စကို ကျွန်မ ပတ်ဝန်းကျင်က ဘယ်လိုမှ မခံစားနိုင်ကြဘူး။

ကျွန်မဆိုတာကလည်း အဖော်ခင်သူ၊ အသိုင်းအဝန်းကို သံယောဇဉ်ကြီးသူမို့ ကျွန်မရဲ့သူငယ်ချင်းအပေါင်းအသင်း၊ မိတ်ဆွေသင်္ဂဟ အားလုံးက မောင်လေးကိုကျွန်မလိုပဲ ချစ်ကြခင်ကြတယ်၊ လေးစားကြတယ်။

ကလေးတစ်ယောက်လိုအပြစ်ကင်းစင်ရိုးသားပြီး ကိုယ်ကျင့်တရားကောင်းလှတဲ့မောင်လေးဟာ လူကြီးလူကောင်းတစ်ယောက် လိုလည်း ထက်မြက်တဲ့အတွေးအခေါ်နဲ့ဉာဏ်အမြော်အမြင်ရှိရုံမကပဲ အရာရာမှာ ဆုံးဖြတ်ချက်မှန်ကန်ခိုင်မြဲတတ်တာမို့ မောင်လေးကိုနှမြော မဆုံးဖြစ်နေကြတဲ့ ကျွန်မသူငယ်ချင်းအချို့ဟာ

"ကိုနေနီ .... ခင်ဗျားဗျာ.... သက်သက်မဲ့ ကျုပ်တို့ကို သံယောဇဉ်တွေ လာပေးသွားတယ်"

"ကိုနေနီ ကျွန်မတို့ဆီကယူသွားတာတွေ .... ကျွန်မတို့ကို ပေးသွားတာတွေ ....အများကြီးပါပဲ"

လို့ ဝမ်းနည်းစကားတွေ ခြွေကြတယ်။ ဝမ်းနည်းကြောင်းမှတ်တမ်းတွေရေးကြတယ်။ ကျွန်မကတော့ ဖြေမဆည်နိုင်အောင် ဝမ်းနည်းနေတဲ့ကြားကပဲ လူ့အဖွဲ့အစည်းကြီးထဲကလူတစ်ယောက် ကောက်ကျစ်စဉ်းလဲမှုတစ်စုံတစ်ရာမပါဘဲ နာမည်ကောင်းလက်မှတ် တစ်စောင်နဲ့အတူ လွတ်မြောက်သွားတာကိုပဲ ဝမ်းသာဂုဏ်ယူနေမိပြန်သေးတော့။

* * *

"အစ်မ တစ်ယောက်ယောက်ကိုမနာလိုဖြစ်ဖူးလား"

တစ်ချိန်တုန်းက မောင်လေးနဲ့ကျွန်မ စကားထိုင်ပြောနေကြစဉ်က အကြောင်းကို ကျွန်မဖြတ်ခနဲသတိရလိုက်တဲ့အခိုက်မှာပဲ အဆင်ခြင်မဲ့စွာတုံ့ ပြန်ဖူးတဲ့ကျွန်မကိုယ်ကျွန်မလည်း အတော်နောင်တရမိလိုက်တယ်။

" ဖြစ်ဖူးတယ်၊ သိပ်ကိုဖြစ်ဖူးတယ်"

"ဟုတ်တယ်၊ ကျွန်တော့်အစ်မက မနာလိုစိတ်ရှိတယ်လား၊ အစ်မဘယ်တုန်းက ဘယ်သူ့ကိုမနာလိုလိုက်တာလဲ"

"မနေ့ကမှပေါ့၊ အိမ်ရှေ့ကအသုဘယာဉ်တစ်စီးဖြတ်သွားတယ်။ အထဲကခေါင်းတလားကိုကြည့်လိုက်တော့ 'ဒေါ်သိန်းသိန်းမြင့် (၄၆) နှစ်'တဲ့၊ အဲဒီကားရဲ့နောက်မှာ ဓမ္မစကြာဝတ်အဖွဲ့က ညီညီညာညာ သံပြိုင်ဝတ်ရွတ်လို့ တရားဓမ္မသံတွေနဲ့ အေးအေးဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်း လောကကြီးထဲကထွက်ခွာသွားတဲ့ အဲဒီမိန်းမဟာ ငါနဲ့သက်တူရွယ်တူပဲ၊ ငါလေ အဲဒါကို ကြည့်ပြီး မနာလိုလိုက်တာ၊ သူ့မှာတော့ ငြိမ်းချမ်းလို့၊ ငါ့မှာတော့ ပူလောင်နေလိုက်တာများ၊ ချက်ချင်းပဲ သူ့ကိုအခေါင်းထဲကဆွဲထုတ်ပြီး အစားဝင် လိုက်ချင်တဲ့ စိတ်တွေပေါက်လာတယ်"

ဆိုတော့ မောင်လေးကတဟားဟားနဲ့ရယ်ပါလေရော။

"အစ်မရာ .... ဖြစ်မှဖြစ်ရလေ၊ အသက်ရှင်လျက်ရှိနေတာဟာ ဘဝကိုတိုက်ပွဲဝင်နေခြင်းတစ်မျိုးပါ။ ကျွန်တော်ကတော့ ကိုယ့်အသက်ကို ကိုယ်ဆွဲဆန့်လို့ရသလောက်ကို ဆွဲဆန့်ထားချင်တယ်"

ဆိုတဲ့ မောင်လေးရဲ့စကားကိုကြားလိုက်ရမှ ကျွန်မပြောမိတဲ့ စကားကို မှားမှန်းသိသွားတယ်။ တော်သေးတာပေါ့၊ မောင်လေးက အထအန မကောက်တတ်ပေလို့။ တကယ့်ကို ကျန်းမာရေး မကောင်းပေမယ့် အဲဒီဖြစ်ရပ်တွေအားလုံးကို မေ့ထားပြီး ခွန်အားသစ်တွေမွေးနေရတာက ကျွန်မ မောင်လေးပါ။ မောင်လေးရဲ့ခန္ဓာကိုယ်ထဲမှာ

ဝင်ရောက်မွေနှောက်နေတဲ့ ရောဂါတွေက စုံပဲစုံနိုင်လွန်းတယ်။ အဲဒီ သုံးလေးခုထက် မနည်းတဲ့ရောဂါတွေကို မောင်လေးရဲ့ အသည်းနှလုံးနဲ့ဦးနှောက်က တပြန်တလှည့်စီ ထိုးစစ်ခံစစ်ပြုရင်းက အသက်ရှင်နေထိုင်လျက်ကပဲ မောင်လေးဟာ ကဗျာတွေ ရေးရင်း၊ ပန်းချီတွေဆွဲရင်း၊ ပုံတူချည်ထိုး ပန်းချီလေးတွေ ထိုးနေရင်းကပဲ တစ်ခါတစ်ခါ သူနှစ်သက်တဲ့ သားဂျာနယ်ကျော်ရဲ့ အင်္ဂလိပ်ကဗျာကလေးတွေကို ကျွန်မကိုဘာသာပြန်ပြလိုက်သေးတယ်။ လူနေအိမ်ခြေထူထပ်သိပ်သည်းပြီး ဆူညံရှုပ်ထွေးတဲ့သူ့မိသားစုပတ်ဝန်းကျင်ရဲ့အခြေအနေက မောင်လေးရဲ့စိတ်ခံစားမှုဝေဒနာကိုပိုဆိုးစေတာကြောင့် မောင်လေးဟာ ရေကျော်မှာရှိတဲ့ ကျွန်မတို့မိသားစုငှားထားတဲ့အလုပ်ခန်းကလေးကို မနက် မိုးလင်းတာနဲ့ရောက်လာပြီး ညမိုးချုပ်မှောင်မှပြန်သွားလေ့ရှိတာ သူရဲ့ နိစ္စဓူဝဝတ္တရားတစ်ခုပါပဲ။ ကျွန်မတို့အခန်းကလေးရဲ့တစ်နေရာမှာ သူ့အတွက်ပန်းချီဆွဲတဲ့ခုံကလေးရယ်၊ စုတ်တံကလေးတွေ၊ ရေဆေးဘူးကလေးတွေ၊ သူဖတ်တဲ့စာအုပ်စင်ကလေးနဲ့ သူအပန်းဖြေတဲ့ ကုတင်ဆန်ဆန် ခုံကလေးတွေဟာ သူ့အတွက်အပိုင်စားရထားသလို သူနှစ်ခြိုက်တဲ့ အသုံးအဆောင်တွေပေါ့။

ကျွန်မနဲ့ပတ်သက်ရင် မောင်လေးဟာ တွေ့သမျှကြုံသမျှ လူတွေနဲ့ အဆင်ပြေအောင်ပေါင်းသင်းဆက်ဆံနေထိုင်တတ်တယ်။ ကျွန်မငှားထားတဲ့ အိမ်ခန်းပိုင်ရှင်မိသားစုတွေက သူ့ကိုချစ်သလို ကျွန်မမိသားစုကလည်း သူ့အပေါ်သံယောဇဉ်ကြီးတယ်။ မနက်မိုးလင်းတာနဲ့ ကိုယ့်အိမ်သူ့အိမ်အသီးသီးကနေ ကျွန်မတို့အလုပ်ခန်းကလေးကို လာစုကြတဲ့အထဲမှာတော့ မောင်လေးကအစောဆုံးပဲ။ ပထမဆုံးရောက်တဲ့လူက အပေါ်ထပ်အိမ်ရှင်ဆီက သော့ကိုယူပြီး အလုပ်ခန်းဖွင့်နေကျမို့ ဒီအလုပ်ခန်းဟာကျွန်မထက်ပိုပြီး မောင်လေးက အနေများလာတာဟာ တစ်နေ့နေ့မှာ မောင်လေးရဲ့ခန္ဓာအိမ်နဲ့ သည်အခန်း

ဖွဲ့စည်းမှု ပြိုပျက်ဆုံးရှုံးခြင်းတို့ထပ်တူကျမယ့်နိမိတ်ပုံဆိုတာကို ကျွန်မ ယောင်လို့တောင်မတွေးမိခဲ့တာအသေအချာပါ။

အဲဒီအခန်းကလေးမှာနေတဲ့ကာလမှာတော့ မောင်လေးဟာ မသိမသာ အိမ်ရှင်ဖြစ်ပြီး ကျွန်မကတော့ခရီးသွားများသူမို့ ဝင်လိုက်ထွက်လိုက်ဖြစ် နေပြီး ကျွန်မဆီလာသမျှစာပေအပေါင်းအသင်းတွေ မိတ်ဆွေသင်္ဂဟတွေကို မောင်လေးကပဲ white board တစ်ချပ်မှာ အချိန်တွေ၊ နေ့တွေ၊ မှာစရာတွေကို တိတိကျကျမှတ်သားပေးနေကျမို့ မောင်လေးဟာ ကျွန်မရဲ့အားကိုးအားထား ပြုရာလက်ရုံး တစ်ဘက် ဖြစ်ပြီး ကျွန်မမိတ်ဆွေတွေဟာလည်း ကျွန်မရှိရှိ၊ မရှိရှိ မောင်လေးကို သာ ကျွန်မနဲ့ထပ်တူ ခင်မင်ရင်းနှီးပွင့်လင်းနေကြမြဲမို့ မောင်လေးဟာ ကျွန်မရဲ့ဝန်းကျင်မှာ အေးချမ်းစွာပျော်ဝင်စီးဆင်းနေတဲ့ ရေခဲမြစ် ကလေးတစ်စင်းလည်းဖြစ်ခဲ့တယ်။

"အစ်မရယ် .... အစ်မနဲ့တွေ့ရတာ ကျွန်တော် အတော်ကံကောင်းတာ၊ အစ်မရဲ့အခန်းကလေးဟာ ကျွန်တော့်ဘဝအတွက် အလိုအပ်ဆုံး ဘုံဗိမာန်ကလေးလိုပါပဲ။ အစ်မကိုကျွန်တော် ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်"

"အဲဒါတွေထားလိုက်ပါ၊ မင်းလိုလူတစ်ယောက်ကို မမျှော်လင့်ဘဲ မောင်လေးတော်ခွင့်ရတာကိုပဲ အစ်မဝမ်းသာနေတာပါကွာ"

ပြောလို့သာပြောကြရပေမယ့် ကျွန်မရဲ့မောင်လေးဟာ အင်မတန် မာနကြီးတဲ့အကြောင်း ကျွန်မအသိဆုံးပေါ့။ ကျွန်မနဲ့အတူ မရှိအတူ ရှိအတူ စားသောက်နေထိုင်တတ်တဲ့မောင်လေးဟာ ကျေးဇူးတရားရဲ့ နောက်ကွယ်က နှောင်ကြိုးတွေကို သိပ်ကြောက်တတ်တာမို့ ဆင်းရဲ ပေမယ့်နှောင်ကြိုးကင်းတဲ့ ကျွန်မရဲ့အလုပ်ခန်းကလေးနဲ့ သူ့အပေါ် စေတနာသက်သက်နဲ့ကူညီရိုင်းပင်းနေကြတဲ့ သူ့ရဲ့အဆောင်နေဘက်၊ ကျောင်းနေဘက်အပေါင်းသင်းတွေရဲ့ မေတ္တာရင်ငွေ့တွေနဲ့ နွေးထွေးနေ

ရတဲ့ကျွန်မမောင်လေးရဲ့ ဘဝသက်တမ်းတိုဖို့ဖြစ်လာရတဲ့ အဓိက အကြောင်းတရားဟာ ကျွန်မရဲ့အလုပ်ခန်းကလေး ပျက်စီးသွားခြင်း ကြောင့်လို့ တပ်အပ်မပြောနိုင်ရင်တောင်မှ အစိတ်အပိုင်းတစ်ခုတော့ ပါဝင်နေတယ်ဆိုတာ မောင်လေးရဲ့စိတ်အစွဲကြောင့်သိခဲ့ရတယ်။

* * *

"ဒီအိမ်ကြီးကိုဖျက်ဆောက်ဖို့အမိန့်ကျလာပြီ"ဆိုတဲ့ အိမ်ရှင်ရဲ့ ပြောစကားနဲ့အတူ လူတွေအားလုံးပြောင်းရွှေ့လိုက်ကြရတဲ့အထဲမှာ ကျွန်မရဲ့ အလုပ်ခန်းလေးလည်း ပါသွားတာပေါ့။ ကိုယ့်ရဲ့နိမ့်ပါးနေတဲ့ စီးပွားရေး အခြေအနေကြောင့် ကျွန်မအခြားမှာ အလုပ်ခန်း တစ်ခန်း ထပ်မငှားရမ်းနိုင်ခဲ့ခြင်းဟာ မောင်လေးအတွက် နားခိုရာ မဲ့သွားခြင်း ဆိုတာကို သိသိကြီးနဲ့ ကျွန်မစိတ်မချမ်းမြေ့စွာပဲ ဥပက္ခာပြုခဲ့မိတာဟာ ကျွန်မဘဝမှာဘယ်တော့မှ မေ့ပျောက်လို့ရနိုင်တော့မှာမဟုတ်တဲ့ အကြောင်းတရားတစ်ခုပါပဲ။

နေထွက်ကနေဝင်အထိ လွယ်အိတ်တစ်လုံးနဲ့ ရှာစဉ်လည်နေရတဲ့ မောင်ကလေး ပန်းချီဆွဲစရာနေရာလေးမှ၊ ကျောဆန့်စရာနေရာလေးမှ၊ သူနှစ်သက်တဲ့ ချည်ထိုးပန်းချီကလေးတွေထိုင်ထိုးနေဖို့နေရာလေးမှ ရှာတွေ့နိုင်ပါ့မလားလို့ ရင်မောနေရတဲ့ကျွန်မရဲ့စိုးရိမ်စိတ်ဟာ တဖြည်းဖြည်း ခိုင်လုံလာစေတာကတော့ မောင်လေးရဲ့ စိတ်စွဲလန်းမှုတွေ ကြောင့်ပါပဲ။

"အစ်မရေ ကျွန်တော်တို့နေခဲ့တဲ့အိမ်ကြီးကို ခေါင်မိုးတွေစခွာနေပြီ"

လို့ကျွန်မရှိရာကို လာပြောတဲ့မောင်လေးရဲ့မျက်နှာဟာ ညှိုးနွမ်းလို့နေတယ်။ အဲဒီနောက်မှာတော့ သံယောဇဉ်ကြီးစွာနဲ့ ကျွန်မတို့အလုပ်ခန်းဖွင့်ခဲ့တဲ့ နှစ်ထပ်အိမ်ဟောင်းကလေးကို သူနေ့တိုင်းဖြတ်ဖြတ်ပြီးသွားကြည့်နေခဲ့တာကိုး။

"အစ်မရေ .... ဘေးအကာတွေလည်းခွာနေပြီ"

"အပေါ်ထပ်ကကြမ်းခင်းတွေတောင် ခွာတော့မယ်ထင်တယ် အစ်မရယ်"

လို့တစ်နေ့တစ်မျိုးလာပြောနေတဲ့ မောင်လေးရဲ့ခန္ဓာကိုယ်ဟာလည်း တစ်စတစ်စပါးလျစပြုလာတာကို ဂရုပြုမိတဲ့ကျွန်မကသူ့ကို 'ဘာဖြစ်လို့သွားသွားကြည့်နေရတာလဲမောင်လေးရာ.... အဲဒီနှစ်ထပ်အိမ်ဟောင်းလေးကိုအသစ်ဆောက်ပြီး တိုက်အမြင့်ကြီး ဖြစ်သွားတော့လည်း တို့မောင်နှမတွေ တစ်ခန်းငှားပြီးနေကြသေးတာပေါ့။ စိတ်မလျှော့ပါနဲ့ အစ်မတစ်ယောက်လုံးရှိသေးတာပဲဟာ၊ အရေးကြီးတာကမင့် ကျန်းမာရေးကို ဂရုစိုက်' လို့ပြောတော့ မကျစဖူးမျက်ရည်တွေကျလာပြီး 'ကျွန်တော် အစ်မကို သနားတယ်'တဲ့။

ဖြစ်မှဖြစ်ရလေ၊ သူကပဲ ကျွန်မကိုပြန်သနားနေရသေးတယ်လို့ ရယ်ပွဲဖွဲ့ပြီးတုံ့ပြန်ဖို့ဟန်အပြင်မှာပဲ ကျွန်မရင်ထဲမှာဆို့တတ်လာပြီး ဘာမှ ပြန်မပြောဖြစ်တော့ဘူး။ ကျွန်မတို့မောင်နှမ ဘာကြောင့်များ တစ်ယောက်ကိုတစ်ယောက် မကြည့်ရက်နိုင်လောက်အောင် ဝမ်းနည်းနေမိကြပါလိမ့်....။

တစ်ချိန်တုန်းကမောင်လေးဟာ အလွန်ပျော်တတ်ခဲ့တာ၊ ပျော်တတ်တယ်ဆိုတာထက် မွန်းကြပ်မှုတွေကို ဟာသလုပ်ပစ်တတ်တာ၊ အမြဲတမ်းလိုလို အသက်ရှုကြပ်နေတတ်တဲ့ ဝေဒနာသည် မောင်လေးဟာ ဘတ်(စ)ကား ကြပ်ကြပ်စီးလာရတဲ့နေ့မျိုးမှာ....

"ကားတစ်စီးလောက်ဝယ်ပါအစ်မရာ၊ ဘတ်(စ)ကားကလည်း ကြပ်လိုက်တာ၊ လူတစ်ကိုယ်လုံးကားပေါ်ရောက်သွားတာတောင် နှာခေါင်း ဘယ်နားထားရမှန်းမသိဘူး"

ဆိုတာမျိုးအပြောင်အပျက်ပြောပြီး အမောဖြေတတ်တာ၊ ခုတော့ သူဟာန်မဆောင်နိုင်လောက်အောင်ထိခိုက်ခံစားနေရတာကိုကြည့်ပြီး ကျွန်မ သိပ်စိုးရိမ်သွားတယ်။

"ကျွန်တော် ဘယ်နားနေရမလဲအစ်မ၊ ကျွန်တော်လူများများနဲ့လည်း မနေနိုင်ဘူး၊ ဆူဆူညံညံအသံတွေလည်းနားမခံနိုင်ဘူး။ ပြီးတော့ တစ်နေ့လုံးမှာ နေ့တစ်ဝက်လောက်မဟုတ်တောင် ခဏတဖြုတ်ဖြစ်ဖြစ် သက်တောင့်သက်သာငြိမ်ငြိမ်ကလေးလှဲနေချင်တယ်။ ကျွန်တော် အစ်မကို ပူဆာတာ တောင်းဆိုတာမဟုတ်ဘူးနော်၊ ကျွန်တော့်ရင်ထဲမှာပေါ့သွားအောင်ဖွင့်ပြတာ၊ ကျွန်တော်တို့ မောင်နှမတွေနေခဲ့ကြတဲ့နေရာလေးကိုလွမ်းတယ်"

တကယ်တော့ မောင်လေးဟာလူတစ်ဘက်သားကို အလွန်ငဲ့ညှာအားနာတတ်သူပါ။ သူ့မှာ မိတ်ကောင်းဆွေကောင်း အပေါင်းအသင်းကောင်းတွေ၊ သူ့ကိုချစ်ခင်လေးစား တန်ဖိုးထားကြသူတွေအများကြီးပါ။ တစ်စုံတစ်ယောက်ကိုသာ ကျွန်မလိုသူသွားပြီး ဖွင့်ဟလိုက်မယ်ဆိုရင် အခြေအနေဟာ တစ်မျိုးတစ်ဖုံပြောင်းလဲကောင်းပြောင်းလဲလာနိုင်မှာဖြစ်ပေမယ့် သူ့ရဲ့အားနာစိတ်လွန်ကဲမှုက သူ့ရဲ့ကျန်းမာရေးကို ပိုပြီးချွတ်ခြုံကျစေတာက ဘယ်တော့မှ ပြုပြင်လို့မရတဲ့ အကြောင်းတရားတစ်ရပ်ပါပဲ။

* * *

မောင်လေးအိမ်ကလာအကြောင်းကြားလို့ ကျွန်မလိုက်သွားတဲ့အခါ မောင်လေးဟာ မယုံနိုင်လောက်အောင်ပိန်ချုံးနေပြီ။ မောင်နှမနှစ်ယောက် မတွေ့ဖြစ်ကြတဲ့ လေးငါးရက်ကလေးအတွင်း သည်လောက်တောင်ပဲ အခြေအနေဆိုးသွားရသလား မောင်လေးရယ်လို့ ကျွန်မ စိတ်ထဲကကျိတ်ပြောနေတဲ့အချိန်မှာပဲ သူကျွန်မကို စ,မေးလိုက်တဲ့စကားက "အစ်မ၊ အိမ်ကလေးဘယ်အထိဖျက်ပြီးသွားပြီလဲ"တဲ့။

"မသိပါဘူး မောင်လေးရယ်၊ အစ်မလည်း အဲသည်ဘက်ကို မရောက်ဖြစ်ဘူး၊ အဲဒါက အရေးမကြီးပါဘူးကွာ၊ မင်းမြန်မြန်နေကောင်းအောင် အား ဆေးသွင်းရမယ်"

ကျွန်မနဲ့ အတူပါသွားတဲ့ သူငယ်ချင်းဆရာဝန်က သူ့ကို အိမ်မှာ တင် ဒရစ်တွေချိတ်ပြီး ဂရုတစိုက်နဲ့ကုပေမယ့် မောင်လေးအခြေအနေက အားရစရာ ဖြစ်မလာလို့ နောက်ဆုံးဆေးရုံတင်လိုက်ရတယ်။ အဲဒီအချိန် အထိ ကျွန်မ မောင်လေးကို ကျွန်မတို့အသိုင်းအဝန်းကြီးတစ်ခုလုံးက လက်လွှတ်ဆုံးရှုံးရလိမ့်မယ်လို့ဘယ်သူမှမထင်မိခဲ့ကြတာအမှန်ပါပဲ။ မောင်လေးနေမကောင်းဘူးလို့ကြားတာနဲ့ ကျွန်မ အရင်ကမသိ မဆုံ မကြုံဘူးတဲ့ မောင်လေးရဲ့ မိတ်ဆွေရောင်းရင်းတွေကလည်း လာပြီး အားပေးကြွေးထွေးကြလို့အားရှိစရာပါ။

ဒါပေမယ့်မောင်လေးဟာ ဆေးရုံပေါ်မှာ ကျွန်မကို အမြဲမျှော်နေ တတ်ပြီး ကျွန်မရောက်လာတာနဲ့....

"အိမ်ကလေးကိုသွားကြည့်ပါဦး အစ်မရယ် .... ကျွန်တော်တို့ အခန်းအထိ ဖျက်နေကြပြီးလားလို့"

အစွဲအလန်းကြီးလွန်းတဲ့မောင်လေးကို တစ်စုံတစ်ရာ အာရုံ ပြောင်းပေးဖို့ လိုအပ်နေပြီလို့ ကျွန်မယူဆနေမိတယ်။

"ဆရာမရယ် ....ဆရာမမောင်က အိပ်ရာပေါ်မှာပဲ အမြဲခွေ နေတယ်၊ လူလေးတွဲပြီးလမ်းလျှောက်ပေးပါလို့ ကျွန်မပြောတာလည်း လက်မခံဘူး"

လို့သူ့ အစ်မကဆီးပြောတဲ့အခါကျွန်မက....

'ဟုတ်သားပဲ မောင်လေးရယ်၊ နိုင်သလောက်ကလေး လျှောက် ကြည့်ရအောင်လား၊ အစ်မကူတွဲပေးမယ်လေ'ဆိုတော့ ခေါင်းညိတ် တယ်။

ဆေးရုံရဲ့အမျိုးသမီးဆောင်နဲ့အမျိုးသားဆောင်အကူးအသန်း နေရာလေးမှာ မောင်လေးကိုတွဲလျှောက်နေရင်းက လေရှူဖို့ရပ်နားရင်း ခပ်လှမ်းလှမ်းကဆေးရုံတံစက်မြိတ်အောက်အငူကလေးမှာ ခိုမကြီး တစ်ကောင် ဝပ်နေတာကို ကျွန်မအမှတ်မထင်မြင်လိုက်ရတဲ့ခဏမှာ မောင်လေးကို အာရုံပြောင်းပေးဖို့ အကြံတစ်ခုလက်ခနဲရလိုက်တယ်။

“မောင်လေးရေ - ဟိုမှာကြည့်လိုက်စမ်း၊ ခိုမကြီးတစ်ကောင် ဝပ်နေတာ အတောင်နှစ်ဘက်ကတော်တော်လေးကားနေတယ်၊ သူ့အတောင်အဖြန့်လိုက်မှာ အထဲကမည်းမည်းလှုပ်လှုပ်ကလေးကို အစ်မမြင်လိုက်ရသလိုပဲ၊ ခိုပေါက်ကလေးများလားမသိဘူး၊မောင်လေး အစ်မမရှိတဲ့အချိန်ကျရင် မဘေဘီနဲ့တွဲပြီးဒီနေရာလေးမှာလေကောင်းလေသန့်ရှူရင်းနဲ့ ကြည့်ထားပေးပါလား၊ ဘယ်နှစ်ရက်ကြာရင် ခိုပေါက်ကလေးအတောင်စုံပြီးပျံနိုင်မလဲ ဆိုတာတွက်ကြည့်ရအောင်လေ”

ဆိုတော့ သူပါအဲဒီကိစ္စကို စိတ်ဝင်စားလာတယ်၊ မောင်လေးဟာ လူတစ်ဘက်သားရဲ့ဆန္ဒကိုဖြည့်စွက်ချင်တဲ့စိတ် သူ့မှာအမြဲရှိတယ်။ အဲဒီအဆောင်နှစ်ခုအကူအသန်းနေရာကလေးဟာ ထိုင်နားစရာခုံတန်းရှည်ကလေးလည်းရှိတာမို့ ကျွန်မမရှိတဲ့ အချိန်တွေမှာ သူ့အစ်မကိုတွဲပြီး ခိုကလေး ကိုလာကြည့်ရင်း နားနေလေ့ ရှိတယ် ဆိုတာ ရေကျော်အိမ်အပေါ်မှာ စွဲနေတဲ့ သူ့ရဲ့စိတ်ခံစားမှု အနည်းငယ်သက်သာသွားတာပေါ့။

* * *

ကျွန်မဆေးရုံပေါ်ရောက်တာနဲ့ မောင်လေးဟာကုတင်ပေါ်မှာ ပျော့ခွေပန်းလျနေရာကနေပြီး ကျွန်မကိုမြင်တာနဲ့အားယူပြုံးပြီး လက်ကလေးနှစ်ချောင်းထောင်ပြတယ်။

‘ဘာလဲဟင်မောင်လေး’လို့ ကျွန်မကမေးပြီး သူ့နားကပ်နားထောင်တော့ တိုးတိမ်တဲ့အသံနဲ့ . . .

“ခိုကလေးက နှစ်ကောင်အစ်မရဲ့”

“ဟယ်- ဟုတ်တယ်၊ နှစ်ကောင်တောင်ဟုတ်လား”

“ဟုတ်တယ် . . . လာ အစ်မသွားကြည့်ကြမယ်”

ဆိုပြီးအားစိုက်လူးလဲထတော့ သူ့အစ်မကြီးနဲ့ကျွန်မက ဘေးတဘက်တစ်ချက်ကတွဲပြီး ထူပေးရတယ်။ သူနဲ့ကျွန်မ ဖြည်းဖြည်းချင်း ဝရံတာ ကူးနေရာရောက်လာတော့ သူက တွေ့လားအစ်မ ဆိုပြီး

လက်ညှိုးထိုးပြတော့ တကယ်ပါပဲ ခိုမကြီးရဲ့ အတောင်တစ်ဘက် တစ်ချက်စီအောက်မှာ ခိုပေါက်ကလေးနှစ်ကောင်ဟာ ခေါင်းကလေးတွေ ပြူတစ်ပြူတစ်လုပ်နေကြတယ်။ သူတို့မိခင်ခိုမကြီးက အတောင်အဖြန့်လိုက်မှာတော့ ခိုပေါက်ကလေးတွေဟာ ချစ်စဖွယ် သူတို့အတောင်ငယ်ကလေးတွေကို လှုပ်ရှားဖို့ကြိုးစားနေတာမြင်ရတော့ မောင်လေးက....

'အစ်မရေ .... အဲဒါခိုမောင်နှမလားမသိဘူးနော်၊ မကြာခင် အတောင်စုံပြီး ပျံကြတော့မှာ'ဆိုတော့ကျွန်မက....

"အေးပေါ့ အဲဒီခိုကလေးတွေလည်းအတောင်တွေသန်စွမ်းပြီး ပျံတဲ့အချိန်မှာ ငါ့မောင်လေးလည်းနေကောင်းပြီး တို့မောင်နှမတွေ ပျော်ပျော်ပါးပါး ဆေးရုံကဆင်းကြမှာ"

"ကျွန်တော်တို့မောင်နှမက ခိုတော့မဖြစ်ချင်ဘူးအစ်မရာ၊ ခိုတွေက ညည်းလွန်းတယ်။ ဖြစ်ချင်းဖြစ် ...."

မောင်လေးကမောသွားသလို စကားကိုဆက်မပြောဖြစ်ဘဲ ကျွန်မ လက်မောင်းကိုအားပြုပြီး ခုံတန်းလျားလေးမှာထိုင်ချလိုက်တယ်။ ငှက်ထဲမှာခိုမဖြစ်ချင်တဲ့မောင်လေးဟာ အဖြူစင်ဆုံးငှက်တစ်ကောင်အဖြစ် စပါးနှံလေးတစ်ခက်ကိုချီလို့ အမြင့်ဆုံးကိုပျံသန်းချင်တဲ့ ငှက်တစ်ကောင်ဖြစ်ဖို့ ဆန္ဒရှိကြောင်း ကျွန်မသိနေတာပေါ့။ မောင်လေးနဲ့ နေတဲ့ကာလတွေအတွင်းမှာ မောင်လေးရဲ့မြင့်မြတ်မှုတွေအားလုံးဟာ ဘာနဲ့မှဆေးကြောစရာမလိုအောင် တောက်ပြောင်နေတဲ့အကြောင်းကို ကျွန်မသိခဲ့သည်ပဲ။

"အစ်မကို ကျွန်တော်ပြောစရာရှိတယ်"

အမောပြေသွားပြီဖြစ်တဲ့မောင်လေးဟာ ကျွန်မကိုလေးနက်တဲ့ စကားမျိုးပြောတဲ့အခါတိုင်းအစချီလေ့ရှိတဲ့ သူ့အကျင့်အတိုင်း စကားစပျိုးတာမို့ ကျွန်မကလည်း ဂရုတစိုက်နဲ့ . . . .

"ပြောလေ၊ မောင်လေးဘာပြောချင်လဲ၊ ဘာလုပ်ချင်လဲ"

"ကျွန်တော်အစ်မဆီက အခွင့်အရေးနှစ်ခုတောင်းချင်တယ်။

တစ်သက်လုံးအခွင့်အရေးမယူတတ်ခဲ့တာအမှန်ပါ၊ ဒါပေမယ့် ဒီတစ်ခါ ကျွန်တော် အတ္တကြီးသွားတယ်လို့ပဲ အစ်မထင်လိုက်ပါတော့"

"ပြောပါမောင်လေးရာ၊ မင်းအတွက်အစ်မ ဘာလုပ်ပေးရမလဲ ပြော၊ မောင်လေးဆန္ဒအတိုင်း ဖြစ်စေရမယ်"

"တစ်ခုက ကျွန်တော်အသက်ကုန်တဲ့အချိန်အထိ အစ်မ ကျွန်တော့် အနားမှာနေပေးပါ"

"ဟာကွာ ပေါက်ကရတွေ၊ တို့မောင်နှမတွေက ဘယ်တော့မှ ခွဲကြမှာမှ မဟုတ်တာ၊ အစ်မကအရင်သေရင်တောင် ငါ့မောင်လေးက လွမ်းကျန်ရစ်နေဦးမှာ"

မောင်လေးက ကျွန်မအပေါ်နားလည်တဲ့အပြုံးနဲ့တုံ့ပြန်ပြီး

"နောက်တစ်ခုက ကျွန်တော်သေရင်အကျယ်မချဲ့ဘဲ နေ့ချင်း သင်္ဂြိုဟ်ပေးပါ၊ ဘယ်သူတွေကိုမှဒုက္ခမပေးပါနဲ့အစ်မ။ အဲဒီနှစ်ချက် ကိုတော့ အစ်မဆီကကျွန်တော်တောင်းဆိုပါရစေနော်၊ ကျွန်တော် စိတ်ဖြောင့်အောင် ကတိပေးပါအစ်မရယ် ....နော်"

မောင်လေးစိတ်ချမ်းသာအောင် ဟန်ဆောင်ခြင်းမဟုတ်တဲ့ ရင်ထဲ က ကတိစကားကိုပေးလိုက်တော့ မောင်လေးစိတ်ချလက်ချရှိသွားပုံက သိသာလွန်းသည်။

ခိုကလေးနှစ်ကောင် ပျံသန်းလွတ်မြောက်သွားသည့်နေ့တွင်ပင် ကျွန်မတို့မောင်နှမတွေ ဆေးရုံကဆင်းကြရသည်။ မောင်လေးကဆေးရုံမှာ ငြီးငွေ့တာတစ်ခုသာသိပေမယ့် ကျွန်မနှင့်မောင်လေး အပေါင်းအသင်း သူငယ်ချင်းတွေကတော့ ဟန်ဆောင်ပြုံးကိုယ်စီနှင့်ပါ။

ကျွန်မတို့အခန်းကလေးကို လက်သမားတွေ ထုနှက်ဖျက်ဆီး နေကြတာကို ဆေးရုံလာရင်းဖြတ်သန်းငေးမောကြည့်မိခဲ့တဲ့နေ့မှာပဲ ဆေးရုံရောက်တော့ ညီမလေးလိုဖြစ်နေတဲ့ဒေါက်တာချစ်ရေစင်က....

"အစ်မကြီးမောင်က နောက်ဆုံးအခြေအနေရောက်နေပြီ၊ အစ်မကြီးတို့ စိတ်မကောင်းလည်းမဖြစ်ကြပါနဲ့၊ ကံတရားပေါ့နော်။ ဆေးရုံကပြန်ခေါ်သွားလို့ရတယ်လို့ ဆရာကြီးတွေကပြောခိုင်းတယ်"

ဆိုတဲ့စကားဟာ ကျွန်မတို့အသိုင်းအဝန်းထဲကို ရေပွက်စီးကြောင်းကြီးတစ်ခု အဆီးအတားမရှိတိုးဝင်လာသလိုပါပဲ။

မောင်လေးရဲ့မိတ်ရင်းဆွေစစ်တွေက မောင်လေးရဲ့ နောက်ဆုံးအချိန်မှာ အေးအေးချမ်းချမ်းနေရအောင်လို့ သန့်ရှင်းသပ်ရပ်တဲ့ နေရာထိုင်ခင်းကို ဝိုင်းဝန်းစီစဉ်ပေးကြတယ်။ မောင်လေးဟာ သူ့ရဲ့ နောက်ဆုံးအချိန်မှာ သူငယ်ချင်း ကျောင်းနေဘက်တွေ၊ သူ့ကို ချစ်ခင်လေးစားတန်ဖိုးထားကြသူတွေရဲ့ နွေးထွေးပြုစုမှုအပြည့်အဝနဲ့ 'ကျွန်တော်အခန်းကလေးတစ်ခုမှာ အေးအေးချမ်းချမ်း နေချင်တယ်'ဆိုတဲ့ ဆန္ဒတစ်ခုပြည့်ဝသွားတာပဲ ကျွန်မက မောင်လေး မိတ်ဆွေတွေကို ကျေးဇူးတင်နေမိတယ်။

"အသက်ရှင်လျက်ရှိနေခြင်းဟာ ဘဝကိုတိုက်ပွဲဝင်နေခြင်း တစ်မျိုးပါ။ ကျွန်တော်ကတော့ ကိုယ့်အသက်ကို ကိုယ်ဆွဲဆန့်လို့ ရသလောက်ဆွဲဆန့်ထားချင်တယ်"

ဆိုတဲ့မောင်လေးရဲ့စကားကို ကျွန်မထပ်တလဲလဲ ကြားယောင်နေမိတဲ့အချိန်မှာတော့ ခိုကလေးနှစ်ကောင်လည်း ဘယ်ဆီ ပျံသန်းလွတ်မြောက် နေကြလေပြီမသိ။

မောင်လေးစွဲလန်းခဲ့သော ရေကျော်လမ်းမကနေရာကလေးလည်း မြေတလင်းပြင် ဖြစ်နေလေပြီ ။

ကျွန်မကတော့ လူနာကုတင်ပေါ်ကနေ လက်ကလေးနှစ်ချောင်းထောင်ပြနေသောမောင်လေးကိုပဲ မြင်ယောင်နေတော့သည်။ ။

# ဘဝပန်းချီကားတစ်ချပ်

# ဘဝပန်းချီကားတစ်ချပ်

သို့

အန်တီမေမေ

နေကောင်းရဲ့လား၊ အန်တီမေ နေကောင်းအောင်နေပါနော်၊ အန်တီမေတို့ဖြစ်စေချင်တဲ့ ဆရာဝန်မကြီးဖြစ်အောင် သမီးကြိုးစားနေပါတယ်။ ပြီးခဲ့တဲ့လက သမီး ပထမရတာရော အန်တီမေသိပြီးပြီလားဟင်....

ဆရာဝန်ဖြစ်ဖို့နီးစပ်လာပြီဖြစ်သော စတုတ္ထတန်းကျောင်းသူကြီး၏ စာကိုဖတ်ရင်း ကျွန်မအားတွေတက်လာပါသည်။

သမီး ကျောင်းမှာနေရတာအဆင်ပြေပါတယ်၊ ဒါပေမယ့် မေမေနဲ့အန်တီမေကို သိပ်လွမ်းတာပဲ။ မေမေ့ဆီရော အန်တီမေရောက်သေးလားဟင်၊ မေမေရော နေကောင်းရဲ့လား၊ သမီးတို့မောင်နှမတွေအတွက် ဘာမှစိတ်မပူပါနဲ့လို့ မေမေ့ကို ပြောပေးနော်၊ သမီးဆရာဝန်မကြီးဖြစ်ရင် မေမေ့ကို ဆေးကုပေးမှာ၊ အန်တီမေတို့အားလုံးကိုရောပေါ့နော် ....

မိဘမဲ့လူမှုဝန်ထမ်းကျောင်းဆောင်ဆီမှ ဆယ်နှစ်အရွယ်သမီးငယ်နှင့် ဒဂုံမြို့သစ်ရပ်ကွက်တစ်ခုအတွင်း ချောင်ကျကျအိမ်ကလေးတစ်လုံး၏အခန်းထောင့်မှ ပါးလုပ်လုပ်ဖျော့တော့တော့ဝေဒနာသည် မိန်းမတစ်ယောက်၏ ဆက်သွယ်နေကြသော မမြင်နိုင်သည့်မေတ္တာကြိုးမျှင်များအတွက် ကျွန်မ သက်ပြင်းတစ်ချက် ခိုးရှိုက်လိုက်မိသည်။

"ဆရာမရယ် .... ကလေးတွေကိုပြောပါနော်၊ ကျွန်မအတွက် ဘာမှ စိတ်မပူကြနဲ့၊ စာသာကြိုးစားလို့ .... ကျွန်မနေကောင်းတယ်လို့ ဆက်ဆက်ပြောလိုက်ပါနော်.... "

ဟုမောဟိုက်နေသည့်ကြားမှ တတွတ်တွတ်မှာလေ့ရှိသည့် သူတို့ကလေးတွေ၏မွေးသမိခင်ကို သူတို့မြင်ချင်ရှာမှာကတော့ အသေအချာပင်။

**အန်တီမေမေရေ .... သမီး ဟိုတစ်နေ့ကဖေဖေ့ကို အိပ်မက်မက်တယ်သိလား၊ ဖေဖေကအိပ်မက်ထဲမှာ သမီးတို့ဆီကို လာတွေ့တယ်။ ဖေဖေ့ကိုတွေ့တော့ သမီးကငိုတာပေါ့၊ သမီး အိပ်ရာနိုးတော့ မမကိုအိပ်မက် အကြောင်းပြောပြတော့ မမက ဖေဖေ့ကိုအမျှဝေလိုက်လို့ပြောတယ်။ မမရော သမီးရော ဘုရားရှိခိုးပြီး ဖေဖေ့ကိုအမျှဝေလိုက်ကြတယ်၊ သမီးတို့လုပ်တာ မှန်တယ်မဟုတ်လားဟင် ....**

အုံ့သြစရာကောင်းလိုက်တာ၊ ဘယ်သူနဲ့တွေတွေ နှုတ်ပိတ်ပြီး မျက်လုံးလေးအဝိုင်းသားနဲ့ ငြိမ်သက်တိတ်ဆိတ်နေလေ့ရှိတဲ့သမီးဟာ စာထဲမှာတော့စီကာပတ်ကုံးနဲ့ သွက်လက်လို့နေပါလား။ သမီးရင်ထဲက စကားတွေကို စာရွက်ပေါ်မှာအန်တီမေမြင်ရတာ သမီးကိုယ်တိုင်အနားမှာထိုင်ပြီး ပြောပြနေသလိုပဲ။

**မေမေရော အဲဒီလိုအိပ်မက်မျိုးတွေမက်လားမသိဘူးနော်၊ အန်တီမေရောက်ရင်မေးကြည့်ပါလား။ သမီးအိပ်မက်မက်တဲ့**

**အကြောင်းတော့ ပြောမပြနဲ့နော်၊ တော်ကြာမေမေစိတ်မကောင်းဖြစ်နေဦးမယ်။ အန်တီမေရေ သမီးလေ အဲဒီအိပ်မက်လည်းမက်ပြီးရော ဆံ့ုးဒူးဝါးလမ်းကအိမ်မှာနေတုန်းက ဖေဖေသေတဲ့နေ့ကို သတိရပြီး အိပ်လို့တောင်မရတော့ဘူး။ဟိုတစ်နေ့ကတောင် မမပြတဲ့မဂ္ဂဇင်းအဟောင်းတစ်ခုထဲမှာ ဖေဖေ့ပန်းချီပုံလေးကိုတွေ့လို့ ညှပ်ပြီးသိမ်းထားသေးတယ် ....**

မြန်မာအနုပညာလောကထဲမှာ အောင်မြင်နေဆဲပန်းချီဆရာတစ်ယောက် လူ့လောကကြီးထဲကကြွေကွဲစရာအဖြစ်ဆိုးနဲ့ အချိန်မတိုင်ခင် မရှုမလှထွက်ခွာသွားရတဲ့မြင်ကွင်းကို ကျွန်မလည်းဘယ်တော့မှမေ့လို့ရမှာ မဟုတ်တော့။

ဝေဒနာချင်းအားပြိုင်နေကြတဲ့ လူလတ်ပိုင်းဇနီးမောင်နှံ နှစ်ယောက်ရဲ့ ဖျော့တော့ကြုံလှီတဲ့နွမ်းနယ်မှုတွေကြားထဲက အားငယ်နေရှာတဲ့ သားသမီး သုံးယောက်ရဲ့ ညှိုးငယ်တဲ့အသွင်သဏ္ဌာန်တွေ။

ကိုယ့်ခန္ဓာကိုယ်ကိုတောင် အားယူပြီးမသယ်နိုင်လို့ ကြမ်းပြင်ပေါ်က ခပ်လှမ်းလှမ်းမှာ ဝါးကပ်နဲ့အုပ်ထားရတဲ့ ခင်ပွန်းသည်ရဲ့ ရုပ်အလောင်းကိုငေးပြီး တလှိုက်လှိုက်ငိုရှိုက်နေရှာတဲ့ ဝေဒနာသည် မိန်းမတစ်ယောက်ရဲ့ လှုပ်ခတ်နေတဲ့ ရင်အစုံ။

တစ်ဆယ့်ငါးနှစ်အရွယ်သာရှိသေးတဲ့အစ်မကြီးက အဖေ့အပေါင်းအသင်းတွေကိုပြေးပြီးအကြောင်းကြားနေတုန်းမှာ ကြောက်ရွံ့တုန်လှုပ်နေကြတဲ့ လူမမယ်ကလေးနှစ်ယောက်ရဲ့မျက်ဝန်းများ။

အဖေ့သူငယ်ချင်းပန်းချီအနုပညာသမားများနဲ့ စာပေဝန်းကျင်မိတ်သင်္ဂဟာများရဲ့ဝိုင်းဝန်းမှုနဲ့ အလောင်းမြေကျခဲ့ရတဲ့ နေ့တစ်နေ့မှာ သားသမီးငယ်ကလေးတွေနဲ့အတူသုသာန်ကိုမလိုက်နိုင်လို့ အိမ်ကလေးပေါ်ကနေငိုကြွေးငေးမောကျန်ရစ်ခဲ့တဲ့ သမီးတို့မေမေရဲ့အဖြစ်သနစ်တွေ။

**သမီးလေ.... အခုတလော မေမေ့ကိုသိပ်သတိရတာပဲ၊**

**သမီးတို့ ကျောင်းပိတ်ရင် မေမေနဲ့၁၀ရက်လောက်အတူတူပြန်နေချင်တယ် အန်တီမေရယ်၊ အန်တီမေ ဆရာမကြီးဆီမှာခွင့်တိုင်ပြီးလာခေါ်ပေးပါလာဟင်။ ဒီကြားထဲမှာလည်း အန်တီမေ သမီးကိုလာတွေ့ပါနော်....**

သမီးတို့သိပ်ပြီးလွမ်းနေရင်လည်း အန်တီမေလာခေါ်ပေးပါ့မယ် သမီးရယ်.... သမီးတို့အခုနေတဲ့ အမျိုးသမီးကလေးများသင်တန်းကျောင်းကို အန်တီမေကိုယ်တိုင်အပ်ထားတာဆိုတော့ အန်တီမေပဲလာပြီး ခွင့်နဲ့ခေါ်ရမှာပေါ့။

**အန်တီမေလာရင် ဘဘဦးအောင်ကြင်နဲ့ဆရာလေးကိုပါခေါ်လာခဲ့ပါနော်။ ဘဘတို့နဲ့မတွေ့ရတာကြာလို့ သမီးအောက်မေ့နေတယ်လို့ ပြောပေးပါ။ အန်တီမေ သမီးကိုစာပြန်ရေးပေးလိုက်ပါနော်၊ အန်တီမေ့စာကို ဖတ်ချင်လို့ပါ။**

**အန်တီမေရဲ့ သမီးလေး**

**ညွန့်ဖူးဝေ**

သမီးရဲ့စာအဆုံးမှာ ကျွန်မဟာစိတ်မကောင်းရာကနေပြီးတော့ပဲ ကျေနပ်သွားရပြန်တယ်။ သမီးလေးဟာ သူတို့မိသားစုရဲ့ကျေးဇူးရှင်အစစ်တွေကို မမေ့မလျော့နဲ့သတိတရရှိနေသားပဲ။

သမီးစာထဲက ကိုအောင်ကြင်နဲ့ဆရာလေးဆိုတာ သူတို့မိသားစုကလေးရဲ့လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစတဲ့ဘဝရပ်တည်ရှင်သန်မှုတွေကို သမီးတို့ဖေဖေပန်းချီဆရာရှိကတည်းကစောင့်ရှောက်ကူညီရိုင်းပင်းခဲ့ကြတဲ့ မိတ်ရင်းဆွေစစ်တွေ။

'တဂိုးမျိုး'ဆိုတဲ့ ပန်းချီဆရာတစ်ယောက်ကို ကျွန်မ အနုပညာနဲ့သာရင်းနှီးပြီး လူချင်းအလှမ်းဝေးခဲ့ရာကနေ သူကွယ်လွန်သွားပြီးတဲ့နေ့ကမှ သူတို့ဇနီးမောင်နှံကိုဆေးကုတဲ့ဆရာလေး (ဒေါက်တာတင်စံဦး)နဲ့ သူတို့ မိသားစုငါးယောက်ရဲ့စားဝတ်နေရေးကို တာဝန်ယူ

ပေးထားတဲ့ ကိုအောင်ကြင်တို့နှစ်ယောက်ကြောင့် ကျွန်မ အဲဒီအိမ်ကလေးပေါ်က ကျွန်ရစ်သူမိသားစုလေးဦးနဲ့ စတင်ကျွမ်းဝင်ခဲ့ရတာပါ။

ကိုအောင်ကြင်ငှားပေးထားတဲ့အိမ်ကလေးမှာ အဆုတ်တမ်ခြမ်းနဲ့ အသက်ရှင်နေတဲ့ သုံးကျော့ပြန်တီဘီရောဂါသည်မခင်သိန်းနဲ့သမီးကြီးအိဖြိုးဝေ၊ သားလတ်ဝေစည်တိုးနဲ့ သမီးငယ်ညွန့်ဖူးဝေတို့ဆိုကို ကျွန်မတို့ သူငယ်ချင်းသုံးယောက်ဟာ တစ်ပါတ်ကိုတစ်ကြိမ်မပျက်မကွက်သွားရောက်ပြီး မခင်သိန်းအတွက်လိုအပ်တဲ့ဆေးဝါးကုသမှုတွေကိုဆရာလေးကပြုပြီး ကိုအောင်ကြင်က သားအမိလေးယောက်အတွက်တစ်ပါတ်စာစားစရိတ်နဲ့ အထွေထွေကိစ္စကိုတာဝန်ယူပြီး ကျွန်မကတော့ မခင်သိန်းနဲ့သားသမီး သုံးယောက်တို့ရဲ့တိုးတိုးဖော်အဖြစ်နေလာခဲ့တာ ၁၇လတိတိပါပဲ။ အဲဒီနောက်မှာတော့ ဖခင်ပန်းချီဆရာကျန်းမာရေးချို့ယွင်းကတည်းက ကျောင်းထွက်ထားရတဲ့ကလေးသုံးယောက်ဟာ ပညာရေးကိုစိတ်မကုန်နိုင်ရှာဘဲ တပူဆာဆာနဲ့ ကျောင်းနေချင်နေကြတာကတစ်ကြောင်း၊ ငှားပေးထားတဲ့ လုံးချင်းအိမ်ကလေးကို အိမ်ရှင်ဆီပြန်အပ်ရမယ့်အခြေအနေရှိလာတာကတစ်ကြောင်း၊ အဆိုးဝါးဆုံးကသူတို့မိသားစုရဲ့အသက်သွေးကြောဖြစ်တဲ့ ပန်းအိစံစာပေတိုက်ပိုင်ရှင်ကိုအောင်ကြင်ရဲ့ နာလန်မထူနိုင်အောင်ပြိုလဲသွားတဲ့စီးပွားရေးအခြေအနေကြောင့် သူတို့မိသားစုရဲ့အဆိုးဝါးဆုံးကံကြမ္မာ အခြေအနေထဲကနေ အကောင်းဆုံးဘဝမျှော်မှန်းချက်တစ်ချက်အဖြစ်ကလေးသုံးယောက်ကို လူမှုဝန်ထမ်းဌာနကို ပို့လိုက်ရတာပါပဲ။ လူမှုဝန်ထမ်းဌာနက ကလေးသုံးယောက်စလုံးကိုကျောင်းထားပေးတော့ သမီးကြီးက(၇)တန်း၊ သားလတ်ဝေစည်တိုးက (၅)တန်းနဲ့ သမီးငယ်ညွန့်ဖူးဝေကပထမတန်း အသီးသီးတက်ကြရတော့ ကလေးတို့ရဲ့ တဘက်ကမိခင်နဲ့ခွဲခွာနေရတဲ့ အလွမ်းကို ပညာသင်လိုစိတ်နဲ့ မလုံ့တလုံကာကွယ်ထားကြရှာတယ်။

စာပေအနုပညာလောကသားထဲက မိသားစုဝင်တစ်ဦးဖြစ်လာ ကြောင့် ဆရာမကြီးဒေါ်ခင်နှင်းယုနှစ်စဉ်လှူဒါန်းတဲ့ အစ်ကိုဖြစ်သူ စာရေးဆရာကြီးဦးနုအတွက်အမှတ်တရလှူဒါန်းတဲ့ပွဲမှာ ဆရာတဂိုး မျိုးရဲ့ဇနီးဝေဒနာသည် မခင်သိန်းအတွက် ဆေးဖိုးဝါးလှူဒါန်းတဲ့ငွေ တစ်သောင်းကို ချော်တွင်းကုန်းလူမှုဝန်ထမ်းကျောင်းမှာရှိနေတဲ့ သား ငယ်ဝေစည်တို့ကို မိသားစုကိုယ်စားခေါ်ယူလက်ခံခိုင်းလိုက်တဲ့တစ် နေ့မှာ အနုပညာလောကတစ်ခုလုံး ရင်ပွင့်မတတ်ခံစားလိုက်ကြရ တော့တာပဲ။

'ကွယ်လွန်သူ ပန်းချီဆရာတဂိုးမျိုးရဲ့ဇနီးမခင်သိန်းရဲ့ကျန်းမာရေး အတွက် ဆေးဖိုးထောက်ပံ့ငွေကျပ်တစ်သောင်းကို သားငယ်ဝေစည် တို့က လက်ခံပေးပါရန်'ဆိုတဲ့ အခမ်းအနားမှူးရဲ့ စကားအဆုံးမှာ ငွေတစ်သောင်းထည့်ထားတဲ့စာအိတ်ကလေးကို လက်ခံပြီးတာနဲ့ 'အိ'ခနဲငိုရှိုက်လိုက်မိတော့တဲ့ သားငယ်ဝေစည်တို့ရဲ့ ဝမ်းနည်းကြေကွဲ တဲ့ခံစားမှုတွေဟာ ချမ်းမြေ့ရိပ်သာထဲကအခမ်းအနားမှာရှိတဲ့ စာပေ အနုပညာသမားတွေဆီကို အားလုံးကူးစက်ပြီး မျက်ရည်လည်ကုန်ကြ တယ်။ အဲဒီအခမ်းအနားကစတဲ့ခံစားမှုတွေကို ရေးကြသားကြရင်းနဲ့ စာရေးဆရာတွေဆီကနေတစ်ဆင့်စာဖတ်သူတွေ ရင်ထဲအထိပါသူတို့ မိသားစုကလေးရဲ့ ကြေကွဲစရာအဖြစ်ကလေးတစ်ခုက မြစ်တစ်စင်းလို စီးဆင်းသွားရာက စာဖတ်သူတွေဆီကနေပို့ ကြတဲ့ထောက်ပံ့မှုတွေနဲ့ မခင်သိန်းကို အသက်ဆက်လာလိုက်တာ အဲဒီ အခြေအနေတုန်းက နေစရာထိုင်စရာမရှိလို့အခက်တွေ့ပြီး ခြောက်လလောက်ပဲအသက် ရှင်သန်ခွင့်ရတော့မယ်လို့ယူဆထားတဲ့ မခင်သိန်းကို အိမ်တစ်လုံးရဲ့ အခန်းဆွယ်လေးတစ်ခုငှားပြီးအဖိုးတန်ဆေးဝါးတွေနဲ့အစားကောင်း အသောက်ကောင်းတွေထောက်ပံ့နိုင်လာခဲ့တာ အခုဆိုရင် သုံးနှစ်တောင်ရှိခဲ့ပြီ။ သည်ကလေးသုံးယောက်အတွက်ကိုယ်ပွားမိခင် လို ဖြစ်နေတဲ့ ကျွန်မက ပြေးနိုင်လွှားနိုင်သွားလာနိုင်တာမို့ အားလုံးနဲ့အထိ

တွေနိုင်ဆုံးဖြစ်ပေမယ့် တကာယ်တမ်းသူတို့မိသားစုဘဝကိုအဝေးကနေ စောင့်ရှောက်နေကြတာက စာပေနယ်ကဆရာပါရဂူ၊ ဆရာမကြီး ဒေါ်ခင်နှင်းယု၊ ဒေါ်ခင်ဆွေဦး၊ ဒေါ်ကလျာတို့ကနေအစ စာရေးဆရာ၊ ဆရာမတွေ၊ စာနယ်ဇင်းဆရာတွေ၊ စာဖတ်သူတွေပါပဲ။

"သမီးကြီးအိဖြိုးက (၈)တန်းကို ဘာသာစုံဂုဏ်ထူးနဲ့အောင်တယ်"

"ဝေစည်တိုးပညာရည်ချွန်ဆုပေးပွဲမှာ ဆုရတယ်"

"သမီးငယ်လေးညွှန့်ဖူးဝေလည်း စာတော်တယ်"

စတဲ့သတင်းတွေကိုတော့ ကျွန်မကနေပြီးတော့ပဲတစ်ဆင့် သူတို့အမေနဲ့စာပေအသိုင်းအဝန်းကို ဆက်သွယ်ရေးမီဒီယာတစ်ခုလို သတင်းပို့နေကျပါ။

* * *

ကောင်းသောသတင်းတွေကိုသာ သူတို့မိသားစုထဲကိုဆောင်ကြဉ်းပေးနေလိုတဲ့ကျွန်မအတွက် တစ်နေ့သောအခါမှာတော့ စိတ်တုန်လှုပ်ခြောက်ခြားစရာကိစ္စတစ်ခုပေါ်လာခဲ့ပါတယ်။ ကျွန်မနာမည်နဲ့ တယ်လီဖုန်းလာတယ်ဆိုလို့ သွားကိုင်လိုက်တဲ့အခါ မမျှော်လင့်တဲ့လူတစ်ယောက်ရဲ့အသံကို ကြားလိုက်ရတယ်။

"ဆရာမလား .... ကျွန်တော်ချစ်စံပါ"

ကိုချစ်စံဆိုတာက မခင်သိန်းကိုငှားထားပေးတဲ့အိမ်ရှင်။

"ဟုတ်ကဲ့ .... ပြောပါကိုချစ်စံ၊ ဘာအရေးကြီးလို့လဲ"

"မခင်သိန်းဆေးရုံတင်ထားတယ်ဆရာမ၊ အဲဒါဆရာမကို အကြောင်းကြားတာ"

"ဟင်– ဘာဖြစ်လို့လဲ၊ ဘယ်တုန်းကတင်တာလဲ"

" သူနေမကောင်းတာလေးငါးရက်ရှိပြီဆရာမ၊ ညကတော့

တအား အသက်ရှုကြပ်တယ် မနေနိုင်တော့ဘူးဆိုပြီးဆေးရုံတင်ခိုင်းလို့ ဒီမနက်ပဲ ဆေးရုံတင်လိုက်တယ်။ အခုဆရာမဆီကို ဆေးရုံကနေ ဆက်တာ"

"ဘယ်ဆေးရုံမှာလဲ"

"မြောက်ဥက္ကလာပဆေးရုံမှာပါ"

"အခြေအနေတော်တော်ဆိုးသလား"

"သိပ်မဆိုးတော့ဘူးဆရာမ၊ ဆေးရုံရောက်တော့သက်သာသွားပါပြီ"

"ကျွန်မလာခဲ့မယ်၊ စကားပြောနိုင်လား"

"ပြောတယ်ဆရာမ၊ အခုတောင်လိမ္မော်သီးစားနေတယ်"

ဒါဆိုရင် အခြေအနေကသိပ်မဆိုးနိုင်။ ယခင် မခင်သိန်းအသည်းအသန်ဖြစ်နေတုန်းက ဆရာလေးနှင့်ကျွန်မ၊ ကိုအောင်ကြင်တို့တပါတ်တစ်ခါသွား၊ ဆေးကု၊ စားစရိတ်ပေးနှင့် အမြဲတမ်းအထိအတွေ့ရှိခဲ့သည်။ နောက်ပိုင်းမခင်သိန်းအလုပ်မလုပ်နိုင်ပေမယ့် တီဘီ ရောဂါပျောက်၍ကျန်းမာပြီး ကိုယ့်ထမင်းကိုယ်ချက်စားနိုင်လာတော့ မရောက်ဖြစ်ကြတော့ဘဲ သူ့အသုံးစားရိတ်ငွေကိုသာ စာတိုက်ကနေ အဆက်မပြတ်ပို့ပေးဖြစ်တော့သည်။ အိမ်ကလည်း တစ်နှစ်စာပြီးတစ်နှစ်စာကိုချစ်စံတို့ကိုနှစ်ချုပ်နှင့်ပေးရသည်ဆိုတော့ ဝေးလံသောနေရာသို့ ကျွန်မတို့မကြာခဏမသွားနိုင်ပေ။

ကျွန်မ မြောက်ဥက္ကလာပဆေးရုံကြီးရောက်တော့ ကိုချစ်စံက ထွက်ကြိုနေသည်။ ကိုချစ်စံတို့မိသားစုက နဂိုကတည်းကမခင်သိန်းနှင့်မိတ်ဆွေရင်းချာတွေမို့ သာမန်အိမ်ရှင်အိမ်ငှားလိုဆက်ဆံရေးမျိုးမဟုတ်သဖြင့်လည်း ကျွန်မတို့က စိတ်ချလက်ချထားကြခြင်းဖြစ်သည်။

အမျိုးသမီးဖျားနာဆောင်အတွင်းရောက်တော့ အခန်းထောင့်ကုတင်ပေါ်မှာ မခင်သိန်းကိုငုတ်တုတ်ထိုင်လျက်တွေ့ရတော့မှ ကျွန်မရင်ထဲပေါ့ပါးသွားသည်။

ဒါပေမယ့် သူ့နှာခေါင်းမှာအောက်ဆီဂျင်ပိုက်တန်းလန်းနှင့်မို့ ကျွန်မက . . .

"မခင်သိန်း. . . . လှဲနေပါလား၊ ပိုက်ကြီးတန်းလန်းနဲ့ထိုင်နေတော့ မပင်ပန်းဘူးလား"

ဆိုတော့မှ သူလှဲလိုက်သည်။ ကျွန်မလက်ကိုဆုပ်ကိုင်ထားပြီး တော်တော်နဲ့မလွှတ်ဘဲ

"ညက မောတာနေမရဘူးဆရာမရယ်၊အဲဒီနားကဆေးခန်းကို သွားပြတော့'ဆေးရုံတက်ဖို့ကောင်းတယ်၊ မသက်သာရင်ဆေးရုံ တက်လိုက်ဆိုလို့ ဒီမနက်မောင်ချစ်စံကို ပို့ခိုင်းရတာ"

"ကောင်းတာပေါ့၊ ဆေးရုံမှာနားလိုက်ရင်ပျောက်သွားမှာ၊ အခု ရော သက်သာလား"

"သက်သာတယ်ဆရာမ"

"တော်သေးတာပေါ့၊ ဆေးရုံတင်ရတယ်ဆိုလို့ ကျွန်မဖြင့်စိတ်ကို ပူသွားတာပဲ၊ ဒီနေ့က စနေနေ့ဆိုတော့ ဆရာလေးကလည်းအိမ်မှာ မရှိဘူး၊ ဖုန်းဆက်လို့မရဘူး၊ အခု မခင်သိန်းဆေးရုံတက်တာ ကျွန်မ တစ်ယောက်ပဲ သိသေးတယ်၊ အင်း . . မမဝင်း (ဒေါ်ကလျာ)နဲ့ မမဦး (ဒေါ်ခင်ဆွေဦး) တို့ကိုတော့ ပြောခဲ့တယ်"

"ကလေးတွေကိုသွားမပြောပါနဲ့နော်ဆရာမ။ သူတို့စာမေးပွဲဖြေ နေကြမယ်ထင်တယ်။အိမ်ကကလေးတွေ (ကိုချစ်စံကလေးတွေ) လည်း စာမေးပွဲဖြေနေကြလို့၊ တော်ကြာ ကျွန်မကိုစိတ်ပူပြီး စာမကျက်ဘဲ နေဦးမယ်"

"အင်း . . . . အင်း-ဒါဆို သူတို့စာမေးပွဲပြီးလို့ မခင်သိန်းဆေးရုံ က မဆင်းသေးဘူးဆိုမှပဲ သွားခေါ်ပေးမယ်နော်"

ကျွန်မက ဆေးဖိုးဝါခများရှင်းလင်းပြီး၊ သူတို့လက်ထဲဆောင်ထား ရန် ငွေပေးရင်း ကိုချစ်စံကို . . .

"မခင်သိန်းကိုနေ့ရောညရောစောင့်နေဖို့ လူတစ်ယောက်တော့ ငှားထားမှဖြစ်မယ်နော်၊ သူကအားရှိတာမဟုတ်တော့ လဲမှာပြိုမှာ စိုးရတယ်၊ ပြီးတော့ လိုတာရှိလည်းထွက်ပြီးဝယ်ရခြမ်းရအောင်"

"ဒီမှာလေ ဆရာမ၊ ဒီကလေးမလေးက စောင့်ပေးနိုင်တယ်တဲ့၊ ကျွန်တော်သူ့ကိုခေါ်ထားတယ်"

အခုမှ အခန်းထဲသို့ဆန်ပြုတ်ထုတ်ကလေးနှင့်ရောက်လာသည့် ကလေးမလေးတစ်ယောက်၏ ရိုကျိုးကြင်နာမှုများကို တွေ့လိုက်ရသဖြင့် မခင်သိန်းအတွက် ကျွန်မစိတ်ချသွားရသည်။

ကျွန်မ ထိုနေ့ကညရှစ်နာရီထိုးမှ မခင်သိန်းဆီကပြန်ခဲ့သည်။

"မနက်ဖြန်ခါကျရင် ကျွန်မနေ့ချင်းပြန်ခရီးတစ်ခုသွားစရာရှိတယ်၊ သန်ဘက်ခါမနက်အစောကြီး ကျွန်မဆီကိုဖုန်းဆက်ပေးပါ။ အခြေအနေ အကောင်းအဆိုးကျွန်မသိချင်တယ်။ သန်ဘက်ခါကို ကျွန်မလည်း လာခဲ့မှာပါ၊ ဒါပေမယ့် မနက်အစောကြီးသိချင်လို့ပါ"

"စိတ်ချပါဆရာမ၊ ကျွန်တော် ဆက်ဆက်အကြောင်းကြားပါ့မယ်"

"တကယ်လို့များ မနက်ဖြန်မှာတစ်ခုခုလိုအပ်တာ၊ ထူးခြားတာရှိရင် ဆရာလေးအိမ်ကိုဖုံးဆက်ပါ"

"ဟုတ်ကဲ့ဆရာမ"

"ကဲ....မခင်သိန်း၊ ကျွန်မပြန်မယ်နော်။ မိုးလည်းသိပ်ချုပ်နေပြီ၊ သန်ဘက်ခါကျလာခဲ့မယ်၊ နေကောင်းအောင်နေနော်"

"ကျွန်မကို ပစ်မထားပါနဲ့ဆရာမရယ်"

"ဟာ....မခင်သိန်းကလည်း ဘယ်တုန်းကပစ်ထားဖူးလို့လဲ၊ အားငယ် စကားတွေမပြောစမ်းပါနဲ့"

အစောင့်ကလေးမလေးနှင့်ကိုချစ်စံကို မှာစရာရှိတာတွေမှာပြီး ကျွန်မ ပြန်လာခဲ့သည်။

မှတ်မှတ်ရရထိုနေ့က နှစ်ထောင့်တစ်ခုနှစ်၊ စက်တင်ဘာ ၂၉ရက်၊ စနေနေ့။

ဖ

* * *

နောက်တစ်နေ့ ကျွန်မအိမ်ပြန်ရောက်တော့ ညအတော်မှိုးချုပ်နေလေပြီ၊ အိမ်ရောက်တာနှင့်မေမေက....

"ဆရာလေးလာသွားတယ်၊ မခင်သိန်းညနေ ၃နာရီကဆုံးတယ်တဲ့၊ သူ့ဆီဖုန်းဆက်တော့ ၅ နာရီကျော်နေပြီတဲ့၊ အဲဒါလာအကြောင်းကြားသွားတယ်၊ သူတစ်ခေါက်ပြန်လာခဲ့ဦးမယ်တဲ့"

ကျွန်မရင်ထဲ 'ဟာ'ခနဲဖြစ်သွားသည်။ မျှော်လင့်မထား။ ဤကဲ့သို့ ဗြုန်းစားကြီးဖြစ်သွားလိမ့်မည်ဟု ကျွန်မမျှော်လင့်မထားမိပါ။ အလွန်အသက်ပြင်းလှသည်ဟု ကျွန်မတို့အားလုံးမှတ်ချက်ချထားကြသော မခင်သိန်းတစ်ယောက်လူ့လောကကြီးထဲကထွက်ခွာသွားတော့လည်း အတော်ပဲသွက်လက်မြန်ဆန်လွန်းလှသည်။ သားတွေသမီးတွေကို ကျွန်မဘယ်လိုပြောရပါ့မလဲ၊ ရင်မောလွန်းလှသည်။

ခြေကုန်လက်ပန်းကျပြီး ကျွန်မခြေပစ်လက်ပစ်နှင့်ထိုင်နေစဉ် ခဏကြာတော့ လက်နှိပ်ဓာတ်မီးတစ်လက်နှင့်ဆရာလေးပြန်ရောက်လာသည်။ ထိုနေ့က ကျွန်မတို့ရပ်ကွက်၏မီးပျက်ရက်ဖြစ်သည်။ ကျွန်မနေသော အပေါ်ထပ်(၆)လွှာကိုရောက်တော့ ဆရာလေးလည်းအတော်မောဟိုက်နေပြီ။ နှစ်ယောက်သားတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အတော်နှင့်စကားမပြောဖြစ်ကြ၊ ဆရာလေးနောက်မှသူ့တပည့်ကိုကျော်ကျော်လည်းပါလာသည်။

ဆရာလေးကို ကျွန်မပထမဦးဆုံးစပြောဖြစ်သောစကားလုံးက မရည်ရွယ်ဘဲ အလိုလိုနှုတ်ကထွက်သွားသည်။

"ဘယ်လိုလုပ်ကြမလဲ"

ဆရာလေးက ကျွန်မကို အံ့သြသလိုပြန်ကြည့်ပြီး

"အဲဒါခင်ဗျားကို ကျွန်တော်ကမေးရမှာ၊ ခင်ဗျားဘယ်လိုလုပ်ချင်လဲ၊ ကျွန်တော်က ဘာလုပ်ပေးရမလဲ။ ခင်ဗျားနဲ့မတွေ့ရသေးလို့ ဘာမှမစီစဉ်ရသေးဘူး။ မခင်သိန်းအလောင်းကလည်း ဆေးရုံမှာသည်အတိုင်းပဲ။ ညနေ ၃နာရီကဆုံးတာ၊ ကျွန်တော့်ဆီဖုန်းဆက်တော့ ၅ နာရီရှိပြီ။ ဒီညနေတော့ ဆေးရုံအအေးတိုက်မှာပဲခဏထားလိုက်၊ ခင်ဗျားနဲ့တွေ့ပြီးမှစီစဉ်မယ်လို့ ကျွန်တော်ပြောထားတယ်။ ခင်ဗျားဘော်ဒီကို ရေဝေးကိုသယ်မလား၊ ဘာလုပ်မလဲ၊ ခင်ဗျားပဲ သင်္ဂြိုဟ်ရမှာပဲ"

ကျွန်မအတွက် အဲဒါကသိပ်ပြဿနာမရှိ၊ ပြဿနာက မီးသားစုကိစ္စ ဖြစ်သည်။

"ရေဝေးကိုလည်း သယ်မနေတော့ဘူး။ ဆေးရုံကအအေးခန်းမှာပဲ နှစ်ရက်ထားပြီး ချမယ့်နေ့ကျမှ ကျွန်မတို့နာရေးကူညီမှုအသင်းကကားနဲ့ ခေါင်းပါယူတင်လာပြီး ရေဝေးသုသာန်မှာမီးသင်္ဂြိုဟ်မယ်"

"တဂိုးမျိုးတုန်းက ထားဝယ်ချောင်နော်"

"အင်း .... ဟုတ်တယ်၊ သူ့တုန်းကမြောက်ဒဂုံမှာ ဆုံးတဲ့အိမ်က ထားဝယ်ချောင်နဲ့ပိုနီးတယ်၊ ပြီးတော့ အိမ်ကနေတန်းချတာလေ၊ မခင်သိန်းကျတော့ ဆေးရုံကနေရေဝေးကပိုအဆင်ပြေတယ်။ အဲဒီကိစ္စ ကျွန်မမိုးလင်းတာနဲ့ သွားပြီးစီစဉ်လိုက်ပါ့မယ်၊ ကျွန်မအတွက်အဲဒီကိစ္စ ကသိပ်မခဲယဉ်းပါဘူး"

"အရေးကြီးတာက အဲဒီကိစ္စပဲလေ၊ ခင်ဗျားအဆင်ပြေရင် ပြီးတာပဲ"

"ကျွန်မအတွက်တော့ အရေးကြီးတာကကလေးတွေကို ဘယ်လိုစပြောရမှန်းမသိတာဘဲ။ မခင်သိန်းသေတဲ့အကြောင်း ကျွန်မ ဘယ်လိုမှ ပြောထွက်မှာမဟုတ်ဘူး"

"ဖြစ်လာမှာတော့ ဘယ်တတ်နိုင်မလဲဗျာ။ မခင်သိန်းကို ကျွန်

တော်တို့အားလုံး အလျင်ထဲကသေလူလို့သဘောထားခဲ့ဖူးသားပဲ။ ဒီကိစ္စကြီးကတော့ ဘယ်လိုမှပြုပြင်ပြောင်းလဲလို့ရတဲ့ကိစ္စမှမဟုတ်တာ၊ အဲဒီတော့ မနက်ကျရင် ကျုပ်ကျော်ကျော်ကို ကိုအောင်ကြင်ဆီလွှတ်ပြီး အကြောင်းကြားမယ်၊ နောက်ထပ် ကျုပ်ဘာလုပ်ရဦးမလဲ"

"နီးစပ်ရာအချို့ကိုပဲ အကျိုးအကြောင်းပြောပြလိုက်ပါ ဆရာလေးရာ။ ကလေးတွေကို ကျောင်းကရက်လည်တဲ့နေ့အထိ ခွင့်တစ်ပါတ်ယူပြီးခေါ်ခဲ့ရမှာပေါ့။ ကျွန်မတို့အားလုံး မျှော်လင့်နေကြတာက ကလေးတွေပညာစုံလို့ သူတို့ခြေထောက်ပေါ်သူတို့ရပ်နိုင်တဲ့တစ်နေ့မှာ သူတို့အမေနဲ့မိသားစုလေး သိုင်းသိုင်းဝိုင်းဝိုင်း ပြန်နေနိုင်ကြမယ့် နေ့ကလေးတစ်နေ့ကိုပါ၊ သူတို့တွေကလည်း အဲဒီအချိန်ကိုပဲ မျှော်လင့်ပြီး ပညာကြိုးစားတဲ့သူက ကြိုးစား၊ ကိုယ့်အသက်ကိုယ် ဆွဲဆန့်တဲ့သူက ဆန့်နဲ့၊ အခုတော့ ကျွန်မတို့အားလုံး မျှော်လင့်သလို ဖြစ်မလာတော့ဘူးပေါ့"

ဆရာလေးတို့ ပြန်သွားပြီးတဲ့နောက်မှာလည်း ကျွန်မတစ်ညလုံး အိပ်မပျော်တော့။

မိန်ကလေး သင်တန်းကျောင်းမှာရှိနေတဲ့ (၁၀)တန်းနဲ့ (၄)တန်း ရောက်နေပြီဖြစ်တဲ့ သမီးကြီးအိဖြိုးဝေနဲ့သမီးငယ်ညွန့်ဖူးဝေ၊ ယောကျ်ားလေးသင်တန်းကျောင်းမှာ ဒီနှစ်(၈)တန်းဖြေမယ့်သားလတ်ဝေစည်တိုး၊ အားကြိုးမာန်တက်နဲ့တစ်ယောက်တစ်ကွဲစီနေပြီး ကျားကုတ်ကျားခဲ ကြိုးစားနေ ကြတဲ့ကလေးတွေ .... အမေသေပြီဆိုရင် သူတို့ကလေးတွေဘယ်လိုနေမလဲ၊ ကျွန်မ မတွေးရဲပါ။

* * *

"အန်တီမေမေရေ ....လုပ်ပါဦး ....သမီးတို့မေမေ မရှိတော့ဘူး....။ မေမေက သမီးတို့ပြန်လာအောင်တောင်မစောင့်တော့ဘူး"

အဲဒါကျွန်မအကြောက်ဆုံးအချိန်ပါပဲ။

အချိန်အခါနဲ့အရွယ်အစား၊ သိတတ်လာတဲ့တာဝန်ဝတ္တရားတွေကြောင့် ဒီတစ်ခါတော့ဝေစည်တိုးကလေးဟာ ဖြေမဆည်နိုင်အောင် လူးလိမ့်ငိုကြွေးနေတဲ့ အစ်မနဲ့ညီမကိုတစ်လှည့်၊ အလောင်းပြင်တဲ့ စင်ပေါ်မှာ လောကကြီးထဲက အေးချမ်းငြိမ်သက်စွာထွက်ခွာနိုင်ခဲ့ပြီဖြစ်တဲ့မိခင်ကို တလှည့်ကြည့်ပြီး အံကိုတင်းတင်းကျိတ်ပြီး ခံစားမှုကိုမျိုသိပ်နေပုံကိုက ကျွန်မအတွက်တော့ ဝမ်းနည်းစရာပါပဲ။

သူတို့ကျောင်းအသီးသီးမှာ လူတော်စာရင်းဝင်နေကြတဲ့ ကလေးတွေရဲ့ မိခင်နောက်ဆုံးခရီးမှာ သမီးတို့သားတို့ရဲ့ကျောင်းအုပ်ဆရာတွေ၊ ဆရာမတွေပါ လိုက်ပါပို့ဆောင်ကြတဲ့အတွက် ကလေးတွေရဲ့ရှေ့ခရီးအတွက် ဝမ်းနည်းကြေကွဲနေတဲ့ကြားကပဲ ကျွန်မအားတတ်မိပြန်ပါတယ်။

စာထဲမှာသာ ခံစားမှုတွေကိုစီကာပတ်ကုံးဖွင့်အံတတ်တဲ့ သမီးငယ်ညွန့်ဖူးဝေကတော့ ကျွန်မရဲ့ရင်ခွင်မှာ ကျွန်မကိုတင်းတင်းဖက်ပြီး တရှိုက်ရှိုက်နဲ့ငိုကြွေးလို့မဆုံးနိုင်။ ကျွန်မက အသုဘကိစ္စကိုလည်းစီစဉ်နေရသည်မို့ ကျောင်းကဆရာမများက သမီးငယ်လေးကိုဆွဲဖက်ခေါ်ဆောင်ပြီး နှစ်သိမ့်ချော့မော့နေကြရသည်။

မခင်သိန်းအလောင်းကိုသယ်ဆောင်ရန် မြောက်ဥက္ကလာပအအေးတိုက်သို့ရောက်နေကြသော ကျွန်မတို့နာရေးကူညီမှုအသင်း အမှုဆောင်နှစ်ဦးဖြစ်သူ ဦးဇော်ဝင်းနှင့်ဘိုဘိုတို့က ထိုမြင်ကွင်းကို တအံ့တသြငေးမောလျက်

“ကဲ ....အလောင်းကို ကားပေါ်တင်ကြရအောင်၊ ရေဝေးကျရင်လည်း သမီးတို့ကြည့်လို့ရသေးတာပဲ”

အမေ့အလောင်းကိုပြေးဖက်လိုက်၊ ဝိုင်းဆွဲလိုက်နှင့်ဖြစ်နေသော သမီးကြီးအိဖြိုးဝေကိုဖျောင်းဖျနှစ်သိမ့်ပြီး ကျွန်မတို့ရေဝေးသုသာန်သို့ရှေ့ရှုခဲ့ကြသည်။

ရုပ်တရားကြီးတစ်ခု ပျောက်ပျက်ကုန်ဆုံးရန်အချိန်ကား မိနစ်ပိုင်းမျှသာလိုတော့သောအချိန်တွင်တော့ ကလေးတွေကိုကျွန်မတို့ အတော်လေး ထိမ်းသိမ်းလိုက်ကြရသည်။

"သမီး .... စိတ်ကိုဖြေမှပေါ့ကွယ်၊ ကြီးကြီးဆိုရင်လေ....ကြီးကြီး ဆယ်နှစ်သမီးထဲက အမေသေသွားတာပါကွယ်။ အဒေါ်တွေနဲ့နေခဲ့ရတာ"

သမီးကို ပြေရာပြေကြောင်းပြောနေသော မမဝင်း(ဆရာမကလျာ–ဝိဇ္ဇာ/ သိပ္ပံ)၏မျက်ဝန်းထဲမှာလည်း မျက်ရည်စတွေနှင့်။

"သားတို့ သမီးတို့အတွက် မိဘတွေအများကြီးရှိပါသေးတယ်ကွယ်၊ ဆရာမတို့ ဆရာတို့ဟာလည်း သမီးတို့မိဘတွေပါပဲ.... "

လူမှုဝန်ထမ်းကျောင်းက ဆရာမကြီးတွေ၏အားပေးစကားသံတွေကလည်း တုန်ရီလှိုက်လှဲလျက်....

"ကဲ .... ကဲ ....သင်္ဂြိုလိုက်တော့"

မီးသင်္ဂြိုဟ်စက်ထဲ စတီးလ်လှည်းကလေးကိုတွန်းယူသွားသောအချိန်တွင်တော့ ငိုသံတွေက စီခနဲညံသွားတော့သည်။

ပန်းချီဆရာတစ်ယောက်၏ စုတ်ချက်ကြမ်းကြမ်းနှင့်ရေးခြစ်ခဲ့သော ဘဝပန်းချီကားတစ်ချပ်ကတော့ အဆုံးသတ်ခဲ့ပေပြီ။

ကျန်ရစ်နေသော တပိုင်းတစ်စဆွဲလက်စပန်းချီကားကလေးများကိုတော့ ကျွန်မတို့အားလုံးက တောက်ပလာအောင်ဆက်လက် အရောင်ခြယ်ပေးကြရပေဦးတော့မည်။ ။

# မရှာသွားတော့လား

# မရဏာသွားတောလား

"ပန်းအလှပြင်တာက တစ်သိန်းခွဲလောက် အနည်းဆုံးကျမယ်တဲ့ကိုကိုကြီး၊ အဲဒါတောင် အိမ်မှာ လာမပြင်ပေးနိုင်ဘူးတဲ့၊ ကားကောင်းကောင်းသန့်သန့် တစ်စီးသူတို့ရဲ့ '.........' ဟိုတယ်မှာ တစ်ညကြိုပြီးပို့ ထားပေးရမယ်တဲ့"

ဘုရား .... ဘုရား .... မသာကားကို အလှပြင်တာ ပန်းဖိုးချည်းပဲတစ်သိန်းခွဲတဲ့၊ သည်တစ်ခါပဲကြားဖူးတယ်။ အဲဒီတစ်သိန်းခွဲများ အမြတ်ို့ထီပေါက်သလိုရလိုက်ရင် သည်အိမ်ဖော်ဘဝကလွတ်ပါပြီ။ ကြီးကြီးလှကိုလက်ဆွဲ.... ရွာပြန်ပြေးပြီး မြေပဲတစ်ခင်းလောက်များစိုက်စားလိုက်ရရင် အနည်းဆုံးတော့ ရွှေနှစ်ဘုရားပွဲမှာ နားပွင့်ကလေးတစ်ရံ တော့ ပန်နိုင်လောက်တယ်။

"တစ်သိန်းခွဲကအရေးမကြီးပါဘူး၊ ကားကောင်းကောင်းဆိုတာကအရေးကြီးတယ်၊ ဘယ်သုသာန်မှာမှ

နိဗ္ဗာန်ယာဉ် သားသားနားနားမရှိဘူး။ ရှာတာလည်းနှံ့နေပြီ။ ပြီးတော့ မသာကားမှန်း သိသိသာသာ ပုံစံကြီးနဲ့ ယူသွားလို့လည်း မဖြစ်သေးဘူး၊ သူတို့ဟို တယ်ကျက်သရေယုတ်တယ်ဆိုပြီး ပေးဝင်မှာ မဟုတ်ဘူး"

အမလေးတော်....မသာတင်ဖို့ကားပဲ၊ မသာကားမဖြစ်လို့ ဘာကားဖြစ်ရဦးမှာလဲ။ ကြီးကျယ်နေလိုက်ကြတာ၊ ဒါဆိုလည်း အိမ်မှာ ကိုကိုကြီးတို့၊ ကိုကိုလေးတို့၊ မမလတ်တို့ ၊ မမလေးတို့ စီးတဲ့ကားတွေနည်းလို့လား။ နာမည်သာမခေါ်တတ်တာ အားလုံးကားကောင်းတွေချည်းပဲ။ အကြီးယူမလား၊ အသေးယူမလား၊ အဖြူယူမလား၊ မီးခိုးရောင်ယူမလား။ သူတို့ လောက်ချမ်းသာတာသူတို့ပဲရှိတယ်။

အမေသေတော့ ကြီးကြီးလှကရှာပြန်လာပြီး....

"မိမြ၊ ကြီးကြီးနဲ့လိုက်ခဲ့။ ညည်းက အပျိုအရွယ်လေးဖြစ်နေပြီ။ ရွာမှာ သွေးရင်းသားရင်းလည်းမရှိဘဲနဲ့ ငါစိတ်မချဘူး။ အခုမြို့မှာ ငါက ထမင်းချက်ဆိုပေမယ့် အိမ်ရှင်သူဌေးတွေနဲ့ကလူယုံဖြစ်နေပြီ။ ညည်း တစ်ယောက်ပါလာလို့ ဘာမှပြောမှာမဟုတ်ဘူး၊ ညည်းလည်း လုပ်တတ်ကိုင်တတ်နေပြီပဲ။ ရန်ကုန်မှာကအိမ်ဖော်ဆိုပေမယ့် ညည်းရွာမှာ အခင်းထဲမြေပဲအငှားလိုက် နှုတ်တာထက် ပိုသက်သာတယ်" ဆိုပြီး ကြီးကြီးလှဆွဲခေါ်လို့ပါလာတာ။

ဒီကျတော့ စကားအပိုမပြောဘဲ အလုပ်ကို ဇယ်စက်သလို လုပ်တတ်တဲ့ ကြီးကြီးလှကိုသဘောကျတဲ့ သူ့အရှင်သခင်တွေ နေတဲ့ အိမ်က နန်းတော်ကြီး အတိုင်းပဲ။

" မေမေကအင်မတန်မိတ်များတာ။ မေမေ့ရဲ့ချမ်းသာကြွယ်ဝမှု၊ မေမေ့ရဲ့ စည်းစိမ်ဥစ္စာအရှိန်အဝါနဲ့လိုက်အောင် မေမေ့ကိုအခမ်းနားဆုံး သင်္ဂြိုဟ်ရမယ်။ အဲဒါဟာ တို့မိသားစုအားလုံးရဲ့ ဂုဏ်သိက္ခာလည်း ဖြစ်တယ်"

' ဂုဏ်သိက္ခာ....' အဲဒီစကားကိုအခုမှကြားဖူးတယ်။ ဒါကြောင့် ကြီးကြီးလှနဲ့မြို့လိုက်သွားတော့မယ်ဆိုပြီး ဆရာတော်ဘုရားကိုသွားငြှက်ပြီးကန်တော့တော့....

'မြို့မှာနေတော့အမြင်ကျယ်တာပေါ့၊ ဗဟုသုတလည်းရတာပေါ့။ ဒါပေမယ့် ဘယ်အရပ်ရောက်ရောက် ရတနာသုံးပါးကိုမမေ့နဲ့၊ အကျင့်သီလမပျက်စေနဲ့' လို့မိန့်တော်မူလိုက်တာ။ အခု ကိုကိုကြီးပြောနေတဲ့ 'ဂုဏ်သိက္ခာ' ဆိုတဲ့စကားလုံးဟာ ကြီးကျယ်ခမ်းနားလှတဲ့ဧည့်ခန်းမကြီးထဲက ရေမြှုပ်မွေ့ယာကြီးပေါ်မှာ ခန့်ညားထယ်ဝါမှုအပြည့်နဲ့သစ်လွင်တောက်ပစွာပြင်ဆင်ထားတဲ့ မေမေကြီးရဲ့ရုပ်အလောင်းထက် မေမေကြီး အသက်ရှင်စဉ်က ပြုမူကျင့်ကြံနေထိုင်ခဲ့တဲ့ ကိုယ်ကျင့်သီလဆိုတဲ့ မြင့်မြတ် စင်ကြယ်ခြင်းနဲ့တင် ပြည့်စုံနေပြီလို့ သူတို့မပြောနိုင်ကြဘူးလား ....။

အိမ်ကိုရောက်တာသုံးနှစ်ရှိပြီ။ အသုဘချတာတွေလည်း မြင်ဖူးပေါင်းများပြီ။ ဒါပေမယ့် မေမေကြီးလိုအသုဘမျိုးတော့ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲတွေ့ဖူးသေးတယ်။ မေမေကြီးတို့ရဲ့ စီးပွားရေးနယ်ပယ်က ရတနာကုန်သည်တွေကလည်းတစ်ဖွဲ့ဖွဲ့လာ .... မမကြီးတို့၊ မမလေးတို့၊ ကိုကိုကြီးတို့ ညီအစ်ကိုတွေရဲ့ မိန်းမတွေကလည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အကောင်းစား အနက်ရောင် ဝတ်စုံတွေနဲ့ ဧည့်သည်တွေကိုဧည့်ခံနေကြ ....။

မေမေကြီးများသေပန်းပွင့်လိုက်တာ အားကျစရာ တောင်ကောင်းသေးတော့။ ဟုတ်တယ် .... တကယ့်ကိုသေပန်းပွင့်တာ၊ မေမေကြီးကိုယ်ပေါ်မှာ အကောင်းစားပန်းတွေပွင့်နေတာ နည်းနည်းနော နော မဟုတ်ဘူး။ နောက်နေ့ကျရင်ကားပေါ်မှာပါဆက်ပွင့်ဦးမှာ ....။

"ဟဲ့ – ကောင်မလေး....ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ ဒီနေရာမှာဘာလာချောင်းနေတာလဲ။ လာခဲ့ – အိမ်ရှေ့ကဧည့်သည်တွေအတွက်အအေးသွားချပေးရမယ်"

တော်ပါသေးရဲ့၊ နောက်ကနေပခုံးကိုလာပုတ်လိုက်တာ ကြီးကြီး လှမို့လို့ ....။

" ရော့ – ရော့....ဗန်းကိုသေသေချာချာကိုင်နော်၊ ဖန်ခွက်တွေ ကျမကွဲစေနဲ့၊ ဒီဖန်ခွက်တွေကအရေးကြီးတဲ့ ဧည့်သည်လာရင် ထည့်တိုက်ဖို့ ထုတ်ပေးထားတဲ့နိုင်ငံခြားဖြစ်တွေ။ ဟိုမှာ မြင်လားမမကြီးရော၊ မမလေးရောပြာပြာသလဲထွက်ကြိုနေကြတာ စိန်တိုက်က ဧည့်သည်တွေ၊ သေသေ ချာချာဂရုစိုက်ကိုင်သွား"

ဟုတ်ပ....ဟုတ်ပ .... ဧည့်ခန်းမှာ တကယ့်ကို ပြာယာခတ်နေကြတာ၊ ငြိမ်နေတာဆိုလို့ မေမေကြီးတစ်ယောက်ပဲရှိတယ်။ သူတို့ပြာတာက အရေးမကြီးဘဲ ကိုယ်ပါရောပြာသွားရင်ဒုက္ခရောက်မယ်....။

* * *

"ကိုကိုကြီး၊ ရက်လည်ကျရင်ဘာကျွေးမှာလဲ။ ဒန်ပေါက်နဲ့လိမ္မော်ရည်တိုက်မှာလား၊ ထောပတ်ထမင်းနဲ့ရေခဲမုန့်ကျွေးမှာလား။ လူကနည်းမှာ မဟုတ်ဘူးနော်။ ချက်မှာလား၊ အော်ဒါမှာမလား ကြို တွက်ထားရအောင်"

" မေမေကြိုက်တဲ့ ခေါက်ဆွဲကြွပ်ကြော်မှာကျွေးရင်မကောင်းဘူးလားဟင်"

"နေကြစမ်းပါဦးဟာ .... ရက်လည်ကျွေးဖို့ကိစ္စက နောက်မှစဉ်းစားစမ်းပါ။ ပိုက်ဆံရှိရင်ဘာလုပ်လုပ်ရပါတယ်၊ ကြိုက်တဲ့ ဟိုတယ်က တစ်ရက်ကြိုမှာလိုက်ရင်ရတယ်၊ ဘာမှပူမနေကြနဲ့။ နင်တို့ပူရမှာကမေမေ့ကို တင်ဖို့ကား၊ ကားကလည်းအဖိုးတန်မှဖြစ်မှာ အချိန်က သိပ်မရှိတော့ဘူး။ ငါတော့ဦးနှောက်တွေခြောက်လှပြီ၊ သူငယ်ချင်းတွေကိုလည်းကူရှာခိုင်းထားတယ်။ ဒါပေမယ့် ခုထိအကြောင်းမထူးသေးဘူး။ ခေါင်းကိစ္စသွားနေတဲ့ ကိုထွေးရော ပြန်မလာသေးဘူးလား"

"လာမှာပေါ့ကိုကိုကြီးရာ ဒီလောက်လည်းစိတ်ပူမနေပါနဲ့။ ကား အတွက်လည်းအဆင်မပြေရင် မေမေစီးနေကျကားနဲ့ပဲအလယ်ခုံတွေ ဖြုတ်ပြီး မေမေ့အလောင်းတင်လိုက်လို့မရဘူးလား။ မေမေ့ကား ကအကျယ်ကြီးပဲဟာ၊ အဲဒါကိုပဲပန်းဆင်ဖို့ အရင်ပို့ထားလိုက်ပေါ့"

မမကြီးရဲ့အပြောမှာ အလန့်တကြားဖြစ်သွားတဲ့ မမလေးက

"ဟာ ....အဲဒီလိုလုပ်လို့ဘယ်ဖြစ်မလဲ၊ ပြီးရင်ဒီကားကို ညီမလေး တို့က ဆက်စီးမယ့်ဟာ၊ မသာကားကြီးတော့မစီးချင်ပေါင်။ နိမိတ်မရှိ နမာမရှိနဲ့ အလောင်းကြီးတော့မတင်ပါနဲ့"

ဟောတော့ – အဲဒီအလောင်းကြီးကဖြင့် တစ်ခြားလူလည်း မဟုတ်ဘဲနဲ့၊ သူတို့ပဲ မေမေကြီးကိုချစ်လှချည်ရဲ့ဆို၊ မေမေကြီး ထားခဲ့ တဲ့ပစ္စည်းတွေဖြင့် သူတို့တစ်သက်စားလို့တောင်မကုန်နိုင်ဘူးဆိုပဲ။ ဟော....ဟိုမှာတစ်ယောက်လာနေပြန်ပြီ၊ မမလေးရဲ့ယောက်ျား ကိုထွေး ဆိုတာသူပေါ့။ ဒီအိမ်မှာ သူအဆိုးဆုံးပဲ။ ဟိုလူ့မျက်နှာလုပ်ရ၊ သည် လူ့မျက်နှာလုပ်ရနဲ့ ပြဿနာကိုခတ်နေတာပဲ။ ဒီအိမ်မှာ ကိုကိုကြီးက မောင်နှမတွေထဲမှာ သြဇာအရှိဆုံးမို့ အိမ်ရှေ့မှာကားရပ်ပြီးတာနဲ့ သားရေအိပ်အမည်းကြီးချိုင်းကြားညှပ်ပြီး သူ့မိန်းမကိုတောင်လှည့် မကြည့်နိုင်ဘူး၊ ကိုကိုကြီးဆီတန်းပြေးလာတာ၊ ကိုကိုကြီးကလည်းသူ့ ကိုမြင်လိုက်တာနဲ့....

"ဟေ့ကောင် .... အဆင်ပြေခဲ့လား"

" ပြေတယ်ကိုကြီး၊ ခေါင်းက အပေါ်မျက်နှာပြင်တစ်ခုလုံး မှန်တပ်ထားတဲ့အလှမိနီယမ်ခေါင်းအကောင်းစား၊ ဘဏ္ဍာရိုနဲ့ပလပ်ထိုး လိုက်တာနဲ့ အဲယားကွန်းလွှတ်ပြီးသား၊ စပါရှယ်ပဲ။ အားလုံးမှငါးသိန်းပဲ ကျတယ်"

"ဟယ် .... အဲကွန်းပါတာတောင် ငါးသိန်းပဲပေးရတယ်၊ တန် လိုက်တာနော်"

ထပ်များဝယ်ချင်နေကြသေးလားမဆိုနိုင်ဘူး၊ ကိုကိုလေးမိန်းမနဲ့ မမလတ်ဆီက အသံတွေပြိုင်တူထွက်လာတယ်။ မမလေးကတော့ အဝယ်တော်တဲ့သူ့ယောကျ်ားမျက်နှာကို ဂုဏ်ယူဝင့်ကြွားတဲ့ပုံနဲ့ ပြုံးပြုံးကြီး ကြည့်လို့။

ကိုကိုကြီးက ခေါင်းတညိတ်ညိတ်နဲ့နေပြီး တအောင့်လောက်ကြာတော့မှ....

“ကားကိစ္စရော ဘာမှမထူးသေးဘူးလား။ အရေးကြီးတာက ကားပဲ ကွ၊ ကားမရှိရင်ဘာမှလုပ်လို့မရဘူး”

“အသုဘပို့မယ့်ကားတွေအားလုံး ဘီအမ်အသစ်တွေချည်းပဲကိုကြီး၊ အတော်များများက ကိုယ်ပိုင်ကားနဲ့ပို့ကြမှာပါ။ အဲဒီအတွက်လည်း ကျွန်တော်စီစဉ်ပြီးပါပြီ”

“ဟော့ကောင် .... အသုဘပို့မယ့်ကားကို ပြောတာမဟုတ်ဘူးကွ၊ မေမေ့ကိုတင်မယ့်ကားကိုပြောတာ”

ဆိုတော့ ကိုထွေးပါးစပ်ပိတ်သွားတယ်။ မမကြီးက....

“အသုဘမှာကမ်းဖို့ အမှတ်တရပစ္စည်းတစ်ခုခုတော့အဖိုးတန်တာပါမှဖြစ်မယ်နော်၊ အချိုရည်ဘူးကိုလည်း အကောင်းစားပဲလုပ်ချင်တယ်”

“လုပ်ကြ .... လုပ်ကြ .... လုပ်ချင်တာလုပ်၊ဝယ်ချင်တာဝယ် ကုန်ချင် သလောက်ကုန်ပစေ”

ကိုကိုကြီးတို့များ ရက်ရောချက်ကတော့အဲသလိုကမ်းကုန်တာ။

“ဟဲ့ .... ကောင်မလေး ....ဒီမှာဘာရပ်လုပ်နေပြန်တာတုန်း ....၊ ကိုယ့် အလုပ်ကိုယ်လုပ်တာမဟုတ်ဘူး၊ အတော်စပ်စုတဲ့ကလေးမပဲ”

လာပြန်ပြီ .... အဲဒီ ကြီးကြီးလှကလည်းတစ်မျိုး။

* * *

"အမလေး .... အခုမှပဲ ရင်ထဲကအလုံးကြီးကျသွားတော့တယ်"

အသုဘရက်အတွင်းမှာ ကိုကိုကြီးအားရပါးရပြုံးလိုက်တာ ဒီတစ်ခါပဲ တွေ့သေးတယ်။ တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချပြီးတာနဲ့ ကိုကိုကြီးဟာ သူ့မောင်နှမတွေဘက်ကိုလှည့်ပြီး....

"မေမေ့အတွက်ကားရပြီဟေ့"

လို့ တဆက်တည်းလှမ်းပြောလိုက်တာနဲ့ မောင်နှမတွေအားလုံး ကိုကိုကြီးနားကို စုပြုံပြီးရောက်လာကြတယ်။ သူတို့ကိုကြည့်ရတာ ဇာတ်ကနေသလိုပဲ၊ ကိုကိုကြီးကတော့ ဇာတ်လိုက်ပေါ့။

"ဘယ်သူ့ကားလဲဟင် .... ဘယ်ကရတာလဲ"

"တော်ပါသေးရဲ့၊ အချိန်မီရပေလို့"

"ကားကအကောင်းစားတောင်းအေ့(စ)တဲ့၊ အထဲမှာအလှူမီနီယမ်ခေါင်းတင်ဖို့ စတီးလ်ဗန်းကလည်းအဆင့်သင့်ပါတယ်တဲ့။ ဝမ်းသာစရာကောင်းလိုက်တာ၊ မေမေ့ကုသိုလ်ကံကြောင့် နတ်သိကြားတွေကများ ဖန်ဆင်းပေးလိုက်သလားမှတ်ရတယ်"

နတ်သိကြားတွေကလည်းတော် .... အခုမှပဲ ဖန်ဆင်းပေးတော်မူတယ်၊ မနေ့ကတည်းက ဖန်ဆင်းပေးလိုက်ပြီးရော။

"ကားပိုင်ရှင်ကဘယ်သူလဲဟင် – ကိုကိုကြီး၊ တော်တော်စေတနာကောင်းတာပဲနော်၊ အခုကိုကိုကြီးကို သူဖုန်းဆက်တာလား"

"ကိုဝင်းဇော်ဆက်တာ၊ ကားကသူနဲ့ပတ်သက်နေတဲ့ နာရေးကူညီမှုအသင်းက ကားတဲ့။ အဲဒီအသင်းကအခုမှစပြီးဖွဲ့တာမို့ ကားတွေကလည်းအသစ်တွေနီးနီးပဲတဲ့။ အဲဒီအသင်းအကြောင်းကို ငါလည်း အခုမှကြားဖူးတာ၊ မနက်က ကိုဝင်းဇော်ဆီဖုန်းဆက်ပြီးကားရှာခိုင်းလိုက်မိတာ မှန်သွားတယ်။ အခုတို့ကိုပေးမယ့်ကားက တစ်နေ့ကမှ သိန်းလေးဆယ်နဲ့ ဝယ်လိုက်တာတဲ့။ အခု ကိုဝင်းဇော်အဲဒီအသင်းရုံးမှာ စောင့်နေတယ်။ ကားသွားကြည့်မယ်၊ ဘယ်သူလိုက်ဦးမလဲ။ လိုက်ချင်

တဲ့လူလိုက်ခဲ့ လို့ရတယ်။ ကိုထွေးကတော့ပါမှဖြစ်မှာနော်၊ ညနေကျရင် အဲဒီကားကို မင်းပဲသွားယူပြီး ဟိုတယ်ကိုပို့ရမှာ"

မှိုရတဲ့မျက်နှာနဲ့မြူးပြီးထွက်သွားတဲ့ ကိုကိုကြီးရဲ့နောက်ကို သုံးလေးယောက်အပြေးအလွှားလိုက်သွားကြတာ မေမေကြီးရဲ့အလောင်းသာ မျက်တောင်ခတ်လို့ရရင် တော်တော်မျက်စေ့နောက်မယ်။

အတော်လေးကြာနေတော့ ဗြုန်းဗြုန်း....ဗြုန်းဗြုန်းနဲ့ ပြန်ရောက်လာကြပြန်ရော .... အိမ်မှာကျန်ခဲ့တဲ့သူတွေနဲ့ ကားသွားကြည့်ပြီးပြန်လာတဲ့ လူတွေ တစ်ယောက်တစ်ပေါက်မေးကြပြောကြနဲ့ ပွက်လောကိုရိုက်ကရောပဲ။ ဒါပေမယ့် အဲဒီထဲကစိတ်ဝင်စားစရာတွေ မမှော်လင့်ပဲကြားလိုက်ရတယ်။

"အဲဒီကားကြီးတွေနဲ့ ဆင်းရဲနွမ်းပါးလို့အသုဘစရိတ်မတတ်နိုင်တဲ့ လူတွေကို အလကားသယ်ပြီးသင်္ဂြိုဟ်ပေးတာတဲ့၊ အလောင်းထည့်တဲ့ခေါင်းကလည်း အလှူမိနီယမ်ခေါင်းတွေတော့၊ အပျံစားပဲ"

"မတတ်နိုင်တဲ့လူတွေချည်းအတွက်မဟုတ်ပါဘူး၊ ငါတို့လိုတတ်နိုင်ပေမယ့် အခက်အခဲရှိလို့အကူအညီတောင်းရင်လည်း ပေးတာပါပဲ"

" ဘာပဲပြောပြော အဲဒီအသင်းပေါ်လာတာ တကယ်အကျိုးရှိတယ်။ အခုပဲ ငါတို့ခေါင်းမီးတောက်နေတဲ့ကိစ္စပြေလည်သွားပြီ"

ဟုတ်တာပေါ့၊ သူဋ္ဌေးတွေအကျိုးရှိတာထက်ကို ဆင်းရဲသားတွေက အဆတစ်ရာလောက်ပိုအကျိုးရှိမှာတော့ သေချာတယ်။ တစ်လောကပဲ ဟိုဘက်ခြံမှာပန်းရံလာလုပ်တဲ့ ကောင်မလေးရဲ့ အဖေဆုံးတာ ရွှေပြည်သာ မှာဆိုလား၊ အသုဘစရိတ်မတတ်နိုင်လို့ အတော်ဒုက္ခရောက်တာတဲ့။ ဒီ အိမ်ကခြံစောင့်ဘကြီးထွန်းကနေတဆင့် ကြားတာနဲ့ ကြီးကြီးလှကတောင် ဆင်းရဲသားအချင်းချင်း ရိုင်းပင်းပြီး ကူငွေလေးထည့်ပေးလိုက်ရသေးတယ်။ ဒါတောင် အလောင်းမြေကျဖို့ အရေး အကြွေးတွေမနည်းတင်သွားတယ်ဆိုပဲ။ အင်မတန်စကားနည်းတဲ့ ကြီးကြီးလှကတောင် အဲဒီတုန်းက....

'ရန်ကုန်မှာသေဖို့များတော့ အကြောက်ကြီးကြောက်ပါရဲ့တော်' လို့ပြောတာနဲ့ 'သေခါနီးတော့လည်း တောပြန်ပြေးကြတာပေါ့ ကြီးကြီးလှရာ'လို့ နောက်လိုက်မိသေးတယ်။ ခုတော့ ပြေးစရာမလိုတော့ဘူးပေါ့။

"ကဲ....ကိုထွေး၊ မင်းခဏတဖြုတ်နားပြီး ရေမိုးချိုးချင်ချိုးလိုက်။ ညနေ ကျရင် အဲဒီအသင်းကိုပြန်သွား၊ ကားကိုမင်းမမောင်းနဲ့၊ သူတို့ယာဉ်မောင်း ရှိတယ်။ မင်းကဘေးကထိုင်လိုက်ပြီး ဟိုတယ်ထဲကပန်းအလှပြင်တဲ့ဆီကို သွားထိုးပေးလိုက်။ မနက်စောစော အဆင့်သင့်ဖြစ်အောင် အလှဆုံးပြင်ပေး ပါလို့ထပ်မှာခဲ့ပြီးပြန်လာ၊ ဟုတ်ပလား၊ ပန်းကိုအရောင်စုံစုံလေးနဲ့ အရွက်စိမ်းစိမ်းအနွယ်ကလေးတွေလည်း လှအောင်ထည့်ပေးပါလို့ပြော၊ မေမေ့ဓာတ်ပုံကြီးပါတစ်ခါတည်းသယ်သွား၊ မေမေ့ဓာတ်ပုံကိုထင်းကနဲမြင်အောင် သေသေချာချာနေရာချပြီး လှအောင်ချိတ်ဖို့လည်းပြောဦးနော်"

မသာကားပြင်တာများ မင်္ဂလာခန်းမဆင်တာကျနေတာပဲ။

အလှအပနဲ့ ပကာသနတွေအကြား သူတို့အစားမောလိုက်တာ....။

"ဟဲ့၊ ကောင်မလေးမိမြ – လာခဲ့စမ်းနောက်ဖေးကို၊ ဒီမှာဘာလာလုပ်နေတာတုန်း"

"မောလို့ပါကြီးကြီးလှရာ ....၊ ဟာ – ဟုတ်ပါဘူး"

* * *

"ဘာ ....ဘာပြောတယ်၊ ဟေ့ကောင် – ပြန်ပြောစမ်း"

ဟိုဘက်က ဘာပြောတယ်မသိဘူး။ ဒီဘက်ကနေအော်လိုက်တဲ့ ကိုကိုကြီးရဲ့အသံဟာ အခန်းထဲမှာဟိန်းပြီးညံတက်သွားတယ်။ ဒီတစ်ခါတော့ အင်မတန်အေးပါတယ်ဆိုတဲ့ ကြီးကြီးလှတောင် ခေါင်းထောင်သွားတယ်။

"မနက်ကကြည့်ခဲ့တဲ့ကားဆို ဘာဖြစ်လို့အဲဒီလိုဖြစ်သွားရတာလဲ၊ မြန်လှချည်လား"

လူတွေအားလုံး ထိတ်ထိတ်ပြာပြာနဲ့ ကိုကိုကြီးဆီစုလာကြပြန်ရော....။

"ဘာဖြစ်တာလဲဟင် ကိုကိုကြီး၊ ဘာဖြစ်တာလဲ"

" တောက် ၊ စိတ်ဆင်းရဲလိုက်တာကွာ။ ကိုဝင်းဇော်ဆီရော မင်းလှမ်းဆက်ပြီးအကူညီမတောင်းဘူးလား။ အခုကားသွားယူမှပဲ အဲဒီလိုဖြစ်ရသလား"

"ကိုထွေးဆက်နေတာလားဟင်၊ ဘာတဲ့လဲ၊ ကားမရတော့ဘူးတဲ့လား"

မျက်စေ့ပျက်မျက်နှာပျက်ဖြစ်ကုန်ကြတဲ့အိမ်သားတွေကို ကိုကိုကြီးဟာ ဘာမှလှည့်ပြောမနေအားတာကြောင့် တယ်လီဖုန်းခုံပေါ်က ခလုတ် ကလေးတစ်ခုကိုနှိပ်လိုက်တာနဲ့ ဟိုဘက်ကအသံတွေကို အားလုံးကြား လိုက်ရတယ်။

"ဆက်တယ်ကိုကိုကြီး၊ ကိုဝင်းဇော်လည်းဘာမှမတတ်နိုင်ဘူး။ အသင်းစည်းကမ်းကိုသူလည်းကျော်လုပ်လို့မရဘူးတဲ့။ အခုအသင်းမှာ တာဝန်ရှိပုဂ္ဂိုလ်တစ်ယောက် ရောက်နေတယ်။ ကိုကိုကြီးကိုယ်တိုင်ပြော ကြည့်ပါလား"

"အေး – အဲဒီဖုန်း သူ့ကိုပေးလိုက်"

"ဟလို .... ပြောပါခင်ဗျ။ ကျွန်တော်နှာရေးကူညီမှု အသင်းကပါ"

" ကျွန်တော် ကွယ်လွန်သူ ‘........ ’ရဲ့သားကြီးပါ၊ ကိုဝင်းဇော်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေပါ"

" ဟုတ်ကဲ့ခင်ဗျ၊ သိပါတယ်။ ကိုဝင်းဇော်ကလည်း ပြောပါတယ်။ ကျွန်တော် ဘာအကူအညီပေးရမလဲ အမိန့်ရှိပါ"

"မနက်က ကျွန်တော်တို့ အကူအညီတောင်းထားတဲ့ကားကို

ကြည့်တုန်းက 'နာရေးကူညီမှုအသင်း' ဆိုတဲ့စာတန်းနဲ့ ဖုန်းနံပါတ် မရှိဘူးခင်ဗျ။ အခုကားလာယူမှ အဲဒီစာတန်းတွေပါနေလို့ ခဏလောက် ပြန်ခွာပေးဖို့ မေတ္တာရပ်ခံချင်လို့ပါ။ ကျွန်တော်တို့ကိစ္စပြီးသွားတာနဲ့ ဘယ်လောက်ကုန်ကုန်ပြန်ပြီး စိတ်တိုင်းကျဆောင်ရွက်ပေးပါ့မယ်"

"ကျွန်တော်တို့ကလည်း အဲဒီကားကိုအေးအေးဆေးဆေးမှ ပြင်ဆင်ပြီးသုံးဖို့ပါ၊ အခုအစ်ကိုကြီးတို့ဆီကအကူအညီတောင်းလို့ ချက်ချင်း အရေးပေါ်စာတန်းကပ်ပြီးပြင်ပေးလိုက်တာပါ။ ပြီးတော့ ကျွန်တော်တို့ ကော်မတီဝင် ဦးဝင်းဇော်ရဲ့မိတ်ဆွေရင်းလည်းဖြစ်နေလို့ ကားကိုတစ်ညလုံးလည်း ပေးထားတာပါ၊ အခြားဘယ်သူ့မှ အစ်ကိုကြီးတို့လိုမကူညီဖူးသေး ပါဘူးခင်ဗျ"

"အဲဒီအတွက်ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် စာတန်းကြီးက ကျွန်တော်တို့အတွက် အနှောင့်အယှက်ဖြစ်နေလို့ပါ။ ဟိုတယ်ထဲကို ကျွန်တော်တို့အဲဒီစာတန်းကြီးနဲ့ ဝင်မသွားချင်လို့ပါ၊ သူတို့ကလည်း လက်ခံနိုင်မယ်မထင်ဘူး"

"အဲဒါကတော့ အစ်ကိုကြီးတို့ဘက်ကအပိုင်းပါ။ ကျွန်တော်တို့ အသင်းကိုအကူအညီတောင်းရင်တော့ ကျွန်တော်တို့အသင်းရဲ့အမှတ်အသားကတော့ ပါမှာပါပဲခင်ဗျ။ အဲဒီအတွက် ဘာမှမပြင်ဆင်ပေးနိုင်တာကိုတော့ခွင့်လွှတ်ပါ။ ဒီကားကလည်း ကျွန်တော်တစ်ဦးတစ်ယောက်ထဲ ပိုင်တဲ့ကားမဟုတ်ပါဘူး။ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေး လိုအပ်လို့ အကူအညီတောင်းခံလာရင် ကူညီဖြည့်ဆည်းပေးဖို့အတွက် အများပြည်သူ ကလှူဒါန်းထားတဲ့အလှူငွေနဲ့ ဝယ်ထားတဲ့အပိုင်ပစ္စည်းပါ။ အသင်းရဲ့ စည်းမျဉ်းစည်းကမ်းကို ကျွန်တော်တို့ ဖောက်ဖျက်နိုင်ခွင့်မရှိပါဘူး"

"ကျွန်တော်တို့ကလည်း မေမေ့အတွက်အသင်းကိုလှူဦးမှာပါ။ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်မိခင်ကြီးရဲ့ နောက်ဆုံးခရီးအတွက် လှလှပပ

ခမ်းခမ်းနားနားသင်္ဂြိုဟ်ချင်လို့ပါ။ အဲဒီကားကို ပန်းအလှပြင်တာနဲ့ ခေါင်းဖိုး တင်ခြောက်သိန်းခွဲလောက်ကုန်နေပါပြီ။ အုတ်ဂူနဲ့ဆိုရင် ဆယ်သိန်းဝန်းကျင် လောက်ကိုရှိတာပါ။ မေမေဂုဏ်ငယ်သွားမှာစိုးလို့ ကျွန်တော်ဒီလောက် တောင်းပန်နေတာပါ။ တတ်နိုင်ရင်လိုက်လျော စေချင်ပါတယ်"

"အစ်ကိုကြီးတို့ချမ်းသာကြွယ်ဝမှုကို သဘောပေါက်ပြီးသား ပါခင်ဗျာ၊ ကျွန်တော်တို့ကားနဲ့ချလို့လည်း ဂုဏ်ငယ်နိုင်မယ် မထင်ပါ ဘူး၊ ကားကလည်းအသစ်ပါ၊ တစ်နေ့ကမှသိန်းလေးဆယ်နဲ့ ဝယ်ထား ပြီး အစ်ကိုကြီးတို့ကိုဦးဦးဖျားဖျားအကူအညီပေးတာပါ။ အစ်ကိုကြီးတို့ အသင်းကို ငွေလှူမယ်ဆိုတဲ့အကြောင်း ဦးဝင်းဇော်လည်း ပြောထား တာမို့ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ အဲဒီလိုအလှူငွေတွေနဲ့ မရှိနွမ်းပါးသူ တွေအတွက် ပြန်သုံးပေးရမှာမို့ အစ်ကိုကြီးတို့ အများကြီး ကုသိုလ်ရပါ တယ်။ မော်တော်ကားမှာကပ်ထားတဲ့ အသင်းရဲ့ အမှတ်အသား စာတန်းကို ဖြုတ်မပေးနိုင်တာကိုတော့ ဝမ်းနည်းပါတယ်ခင်ဗျာ၊ အနူး အညွတ်တောင်းပန်ပါတယ်"

"ဟုတ်ပြီ ....ဟုတ်ပြီ .... ဒါဆိုလည်း ကျွန်တော့်ယောက်ဖ နဲ့ဆက်ပြော ချင်ပါတယ်၊ သူ့ကိုဖုန်းပေးလိုက်ပါ"

ကိုကိုကြီးရဲ့မျက်နှာနဲ့လေသံဟာ ချက်ချင်းပဲပြောင်းသွားတယ်။ အိမ်သားတွေအားလုံးလည်း တုတ်တုတ်မှမလှုပ်ဘဲ ကိုကိုကြီးဆီအာရုံ ရောက်နေကြတယ်။ ဟိုဘက်ကအသံမလာခင် ကိုကိုကြီးဆီကမချိတင် ကဲ ညည်းညူသံတစ်ချက်ထွက်လာတယ်။

"တောက်၊ အဲဒီသိန်းလေးဆယ်တန်ကားမျိုး ဆယ်စီးလောက် ဝယ်ပြီး ထုချေပစ်လိုက်နိုင်တယ်။ သူတို့ကိုယ်သူတို့ ဘာများမှတ်နေ ကြလဲမသိဘူး၊ ကြီးကျယ်နေလိုက်ကြတာ"

ဟောတော့ .... ကိုကိုကြီးစကားကလည်းတစ်မျိုးကြီးပဲနော်၊

ဒါဆိုလည်းဘာဖြစ်လို့ဆယ်စီးတောင်ဝယ်နေမလဲ၊ တစ်စီးတည်းဝယ်ပြီး မေမေကြီးအတွက်သုံးပြီးတာနဲ့ ကိုယ်မစီးချင်ရင် အဲဒီအသင်းကိုလှူလိုက်ပြီးရော။

"ကိုကိုကြီး ကျွန်တော်ဘယ်လိုလုပ်ရမလဲ၊ ပြန်လာခဲ့ရမလား"

"မင်းကပြန်လာပြီးဘာလုပ်မှာလဲ၊ မင်းကို ကားယူဖို့လွှတ်လိုက်တဲ့ဟာ"

"ဒီလိုဆိုကားကို '......... 'ဟိုတယ်ကိုယူသွားပြီး ပို့ထားခဲ့ပြီးမှ ကျွန်တော်ပြန်လာခဲ့မယ်လေ"

"ဟေ့ကောင်၊ ခုချက်ချင်းပို့လို့ရမလားကွ၊ ကားဘေးက စာတန်းကြီးတွေကို လူမြင်ကုန်မှာပေါ့။ နည်းနည်းလေးမှောင်အောင် စောင့်ပြီးမှ တစ်ခုခုနဲ့အကာအကွယ်လုပ်ပြီးယူသွား၊ အဲဒီကိစ္စကို မင်းဟာ မင်းဦးနှောက်သုံးပြီး စီစဉ်၊ ကြားလား"

"ဟုတ်ကဲ့"

"ဟိုကျရင် ပန်းပြင်တဲ့ဆရာကို အဲဒီစာတန်းတွေ၊ ဖုန်းနံပါတ်တွေကို ဖေ့ါပြားနဲ့ဖြစ်ဖြစ် လုံအောင်အုပ်ပြီး အပေါ်ကနေ ပန်းကို ထူထူလေး ဆင်ပေးပါလို့ပြော၊ ပိုက်ဆံပိုပေးချင်ပေးရပါစေ၊ ကြားလား"

"ဟုတ်ကဲ့ ကိုကိုကြီး၊ စိတ်ချပါ"

"ဒါဆို ....ဒါပဲ၊ မင်းအေးအေးဆေးဆေးမှပြန်လာခဲ့"

ကိုကိုကြီးဟာ ဖုန်းကို ခွပ်ခနဲချပြီးတာနဲ့ နီးရာဆိုဖာပေါ်ကို ဖုတ်ခနဲ ခြေပစ်လက်ပစ်ထိုင်ချလိုက်တာများ သနားစရာကြီး။

"ကဲ .... စိတ်လျှော့လိုက်ပါတော့ ကိုကိုကြီးရာ၊ ကိုကိုကြီးလည်း ပင်ပန်းလှပါပြီ၊ အေးအေးဆေးဆေးနားလိုက်ပါဦး"

"နားလို့မရသေးဘူး။ စီစဉ်စရာရှိတာတွေ တစ်ခါတည်းစီစဉ်ပေးထားမယ်၊ မနက်ဖြန် အသုဘချတဲ့နေ့ဆို အလုပ်ရှုပ်မှာ"

"အဲဒါ ကျွန်တော်တို့ကိုမှာထားလေ၊ နေရာတကာ ကိုကိုကြီး

တစ်ယောက်တည်းလျှောက်လုပ်နေလို့ ဘယ်တတ်နိုင်မလဲ။ မလတ်တို့၊ မမကြီးတို့လည်းရှိတာပဲ"

တစ်ချိန်လုံးငြိမ်နေတဲ့ကိုကိုလေးကဝင်ပြောတော့မှ ကိုကိုကြီးက....

"ဟုတ်တယ်....မေမေ့လည်းသင်္ဂြိုဟ်ပြီးရော၊ ငါ့ပါဆက်ပြီး သင်္ဂြိုဟ်ရမလားမသိဘူး၊ လူရောစိတ်ရောမောလို့သေတော့မယ်"

"အို ....ကိုကိုကြီးကလည်း နိမိတ်မရှိနမာမရှိ"

မမလေးဟာ တော်တော်နိမိတ်ကိုယုံတဲ့ပုံပဲ။ အခုလည်း မျက်ကလဲ ဆန်ပြာနဲ့ဖြစ်နေလိုက်တာ။

"မနက်ဖြန်ခါအတွက် မှာစရာရှိတာတစ်ခါတည်းမှာထားမယ်။ ပန်းအလှပြင်ထားတဲ့ကားက အိမ်ကိုစောစောရောက်နေမှာ၊ ကားကိုအိမ်ရှေ့ မှာပဲရပ်ထား။ မေမေ့ကိုချက်ချင်းကားထဲမထည့်နဲ့ဦး။ အဲယားကွန်းပေးထားတဲ့ အလှမီနီယမ်ခေါင်းနဲ့ မိုးလင်းကတည်းက ဧည့်ခန်းမှာပြင်ထားလိုက်။ ပန်းတွေဘာတွေအသစ်လဲပစ်နော်၊ မှန်ထဲကနေ မေမေ့ကိုမြင်နေရမှာ၊ အသုဘချခါနီး လူစုံတော့မှ မေမေ့အခေါင်းကို ကားထဲကိုထည့်။ အဲဒီကိစ္စကို မင်းနဲ့ကိုထွေးကတာဝန်ယူ၊ ကြားလား"

"သင်္ချိုင်းရောက်ရင် ငါက ချက်ချင်းအိမ်ပြန်လိုက်လို့မဖြစ်သေးဘူး၊ ဂူလုပ်တဲ့ကောင်တွေကိုစောင့်ကြည့်ရဦးမယ်၊ ဘိလပ်မြေတွေ၊ သံပန်းတွေဖြစ်သလို လုပ်လိုက်ရင် ရုပ်ပျက်ဆင်းပျက်ဖြစ်ဦးမယ်။ ကိုထွေးကို ငါနဲ့ထားခဲ့၊ မင်းက နာရေးကူညီမှုအသင်းကကားအပြန်မှာ နောက်ကကိုယ့်ကားနဲ့ကိုယ်လိုက်သွားပြီး အသင်းကိုပိုက်ဆံတစ်ခါတည်းသွားလှူလိုက်၊ ကိစ္စတစ်ခုပြတ်သွားအောင်"

"ဒါဆိုရင် အိမ်ကထွက်ကတည်းက ပိုက်ဆံတစ်ခါတည်းထည့်လာခဲ့ရမှာပေါ့။ ဘယ်လောက်လှူမှာလဲ ကိုကိုကြီး"

သည်တစ်ခါတော့ အလေးအနက်စဉ်းစားနေတဲ့ပုံစံနဲ့ ကိုကိုကြီးရဲ့အသံကခဏတဖြုတ်တိတ်ဆိတ်သွားတယ်။ ပြီးတော့မှ....

"အင်း .... တစ်သောင်းခွဲလောက်လှူလိုက်"

နားကြားများ လွဲသွားသလားမသိဘူး။

"တစ်သိန်းခွဲလား ကိုကိုကြီး"

ကိုကိုလေးကလည်း နားထွေးသွားဟန်တူရဲ့။ မမလေးနဲ့ မမလတ်ကလည်း ကိုကိုကြီးမျက်နှာကို စူးစိုက်ကြည့်လို့ ....။

"တစ်သောင်းခွဲ....တစ်သောင်းခွဲ....တစ်သောင်းခွဲဆိုတဲ့ငွေဟာ သူတို့ပြောတဲ့မရှိနွမ်းပါးသူတွေအတွက်ဆို နည်းတာမဟုတ်ဘူး။ ဒီမှာလည်း အကုန်အကျတွေ ဒီလောက်များနေတာ တော်ရောပေါ့"

ဟာ....ကိုကိုကြီးတို့များ ရက်ရောလိုက်တာနော်....အံ့ရော....အံ့ရော.....။

ဟောတော့....ကြီးကြီးလှ၊ နောက်ကနေပါးစပ်အဟောင်းသားနဲ့ ဘာဖြစ်နေတာလဲ၊ "ဟဲ့ – ကောင်မလေး၊ဒီမှာ နင့်အလုပ်ဘာရှိလို့လဲ၊ လာခဲ့စမ်း"လို့ပြောတော့လေ.....။ ။

* * *

# ချစ်ခြင်းနှင့်အပြိုင်

# ချစ်ခြင်းနှင့်အပြိုင်

မြမြချို၏ မျက်လုံးများကမှေးစင်းထားပေမယ့် မောင့်ကိုသာ မြင်လို့ချည်းနေသည်။

အလိုလိုနေရင်းပြုံးနေသယောင် ထင်ရသော နှုတ်ခမ်းပါးကလေးတစ်စုံကလည်း 'မြမြချို'ဟူသော အမည်နှင့် လိုက်ဖက်နိုင်လွန်းသည်ဟု ပြောခဲ့သော စကားလုံးကလေးတွေက မြမြချိုနားထဲစွဲပြီးရင်း စွဲနေဆဲသာ....၊ ဒါ့ကြောင့်လည်း ဆယ်တန်းမအောင်ခင် မောင့်နောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့သည်ပေါ့....။

မောင်ကလည်း ခေတ်ရုပ်မှမဟုတ်တာဘဲ၊ ရှုပ်ချင်တဲ့ မိန်းကလေးတွေက မောင့်ဘေးနားမှာ ရစ်သီရစ်သီနဲ့မို့ မြမြချို ခပ်မြန်မြန်ပဲ ခေါင်းငြိမ့်ပြီး မောင့်ကို အပိုင်သိမ်းလိုက်ရတော့သည်။

"နင်မောင်မောင့် အကြောင်း ဘယ်လောက်သိလို့လဲ မြချိုရာ၊ မောင်မောင်က နင့်ကိုခါးချိုးပြီး လုပ်ကျွေးမယ်လို့များထင်သလား။ ဒီကောင်လေးက လက်ကျောတင်းတာမဟုတ်ဘူးဟဲ့"

"အို .... သူလုပ်မကျွေးရင် မြချိုလုပ်ကျွေးမှာပေါ့၊ မြချိုက သူ့ကိုချစ်တာပဲဟာ ဘယ်တတ်နိုင်ပါ့မလဲ"

"ဟဲ့....မြချို အဲဒါ မိန်းကလေးကပြောရမယ့် စကားလား။ ငါ သေသာသေလိုက်ချင်တော့တာပဲ"

"ဟင်း ....အစ်မကောအစ်ကို့ကို မချစ်ဘူးလား၊ အစ်မတို့လည်း ချစ်လို့ ယူကြတာပဲမဟုတ်လား။ အစ်မမိဘတွေက ဖျက်တာတောင် အစ်မ အစ်ကို့ကို ခွတ်ယူခဲ့တာလေ၊ မေ့သွားပြီလား"

"မမေ့ပါဘူးတော့၊ ဒါပေမယ့် ညည်းအစ်ကိုက ရိုးသားတယ်လေ၊ အိမ်ကသဘောမတူတာက သူ့အကြောင်းကို ကောင်းကောင်းမှ မသိကြတာ၊ ဟော–အခုတော့ ညည်းမြင်တဲ့အတိုင်းပဲ သူ့ရဲ့ ကြိုးစားမှုနဲ့ ကိုယ်ကျင့်တရားကြောင့် သား ....သားနဲ့ ပါးစပ်ဖျား.ကတောင် မချတော့ဘူး"

"ကျွန်မတို့လည်း နောက်တော့ အဲဒီလိုဖြစ်သွားမှာပေါ့အစ်မရာ"

"ညည်းမထင်နဲ့နော်။ ဒီကောင်လေးအကြောင်း ငါကောင်းကောင်းသိလို့ပြောနေတာ။ စိတ်ကူးမလွဲပါနဲ့ငါ့ညီမရယ်၊ ညည်းအစ်ကိုတွေခမျာ ညီမလေးတစ်ယောက်တည်းမို့ ချစ်လိုက်ကြတာတဲ့လို့၊ ဒီအကြောင်းများသိလို့ကတော့ မလွယ်ဘူး"

"အစ်မပြောရင်တော့ သိမှာပေါ့။ သိလို့ကတော့ မြချိုတို့က အပြေးပဲနော်"

"အမလေး ....အဲဒီလိုတော့ မခြိမ်းခြောက်ပါနဲ့အေ၊ ကျုပ်ကသာ တောင် မပြောရဲသေးတယ်။ အစ်ကိုလုပ်တဲ့သူက နှမထိပါးကြည့်ဆိုတဲ့ အထဲက"

"ဟင်း ....မယားထိစားကြည့်ပဲကြားဖူးပါတယ်"

"အောင်မလေး ....ရှင့်အစ်ကိုက မိန်းမထက်နှမကို ပိုချစ်တာ ပါတော် မယုံမရှိပါနဲ့."

"အစ်မက မနာလိုဘူးလား"

"မနာလိုမှတော့ အဲဒီလောက်တောင် တားနေပါ့မလား မိန်းကလေးရဲ့။ လူကဲလည်း မခက်တတ်ဘူး။ အဲဒီလိုအလို့ကို ညည်းအတွက် စိတ်ပူတာ"

အစ်ကို့မိန်းမပေမယ့် အစ်မရင်းလိုဘဘောထား ဖြူစင်လွန်းသောအစ်မသွယ်ကို မြချိုချစ်ပေမယ့် မောင်နှင့်ပတ်သက်လာသောအခါတွင်တော့ မြချိုခွန်းတုံ့ပြန်ခဲ့ဖူးသည်။ အဲဒီကိစ္စတွေကိုတော့ မြချို ခုချိန်ထိနောင်တမရနိုင်။

မောင်က သူများပြောသလိုလက်ကျောမတင်းတာမဟုတ်၊ ပျင်းတာမဟုတ်....။ နုနယ်လွန်းတာ၊ နူးညံ့လွန်းတာ၊ ပျော့ပြောင်းလွန်းတာ၊ မြချိုကလည်း အဲဒီလိုယဉ်ကျေးပြီး နူးညံ့ပျော့ပြောင်းမှုမျိုးကိုမှ မြတ်နိုးတတ်တာ။ မြချိုတို့က ကိုယ်ကိုယ်တိုင်ကလည်း ပျော့နွဲ့လို့လားတော့ မသိဘူး၊ လူကြမ်းစိတ်ကြမ်းတွေကို သိပ်မခံစားတတ်ဘူး။

ဘယ်သူတွေဘယ်လိုမြင်မြင် မြချိုတို့ကတော့ လူဆင်းရဲတာခံနိုင်တယ်၊ စိတ်ဆင်းရဲတာ မခံနိုင်ဘူး။ တကယ်ပြောတာ.... အဟုတ်.... အဟုတ်....။

* * *

မိုးခြိမ်းသံတွေနဲ့အတူ တစ်ချက်တစ်ချက် လင်းလက်သွားတဲ့လျှပ်ပန်း လျှပ်နွယ်တွေကြားက မြင်လိုက်ရတဲ့ကောင်းကင်ရဲ့ အရိပ်ဟာ မြချိုဆီကို ပြုံဆင်းလာတော့မလိုလို....။

"ကြောက်နေသလားမြချို"

ဟာ....ဒါမောင့်ရဲ့အသံပဲ၊ မောင်ရောက်လာပြီလား၊ ဝမ်းသာလိုက်တာ မောင်ရာ၊ မြချိုမောင့်ကို မျှော်နေတာ။ ဒါနဲ့များ နောက်သုံးလလောက်နေမှ မောင်ပြန်လာမယ်ဆို၊ ဒီနေ့များ မောင်လာရင်ကောင်းမှာပဲ

လို့ မြချိုတွေးပြီး မောင့်ကို မြင်ယောင်ရင်းလွမ်းနေလိုက်ရတာ။ ဒါကို မောင် ဘယ်လိုလုပ်ပြီး သိသွားတာလဲဟင်၊ ဒါကြောင့် မောင်က မြချိုကို ချစ်ပါတယ်လို့ မြချိုအခိုင်အမာ ယုံကြည်ထားတာပေါ့....။ ဒါနဲ့ မောင် ....သမီးလေးရောဟင်၊ သမီးလေးနဲ့ တွေ့ပြီးပြီလား။ အခုမောင် ဒီကိုလာ တော့ သမီးလေးကလိုက်မယ်လို့ မပြောဘူးလား၊ သမီးကိုဘာလို့ မခေါ်လာတာတုန်း၊ သမီးကိုဘယ်သူနဲ့ ထားခဲ့လဲဟင်၊ သူ့အဖွားနဲ့ပဲ မဟုတ်လား၊ မြချိုသမီးကိုလည်းတွေ့ချင်လှပြီမောင်ရဲ့။ ညက သမီး ကလေးကိုလွမ်းပြီး အိပ်မက်တွေမက်လိုက်တာ၊ သမီးက ဂါဝန်အဖြူ လှလှလေးဝတ်ပြီး ချစ်စရာကောင်းနေပုံများ ပြောတောင်မပြောပြ တတ်ဘူး။ မောင့်လိုပဲ အသားဖြူဖြူနှာတံပေါ်ပေါ် မျက်လုံးမျက်ခုံး ကောင်းကောင်းနဲ့ လှလိုက်တဲ့သမီးလေးဟာ မောင်နဲ့မြချိုကြားမှာ ဂါဝန်ဖြူကားကားကြီးနဲ့ ပြေးလွှားကစားနေလိုက်တာ၊ မြချိုတို့မိသားစု သုံးယောက်သား ပျော်လို့ရွှင်လို့။ မောင်ရေ .... ဒီနှစ်သီတင်းကျွတ် ရင်တော့ သမီးကိုအဲဒီ ဂါဝန်အဖြူ ဆွတ်ဆွတ်ကလေးဝယ်ပေးနိုင်အောင် ကြိုးစားလိုက်ဦးမယ်။

မောင်ရေ.... မြချိုအနားကိုလာစမ်းပါ၊ အဲဒီမှာ ဘာလုပ်နေတာ လဲ....၊ မြချိုကိုယ်တိုင်က ညစ်ပတ်နေလို့ မောင်အနားမကပ်ချင်လို့ လား။ မောင်ဒီကိုလာတာ ဘယ်သူသိသေးလဲဟင်၊ မြချိုဒီနေရာမှာ ရှိနေတာကိုလည်း မောင်ဘယ်သူ့ကိုမှပြောမပြဘူးမဟုတ်လား။ မပြောနဲ့နော်မောင်၊ သူတို့တွေက နဂိုကမှ မောင့်ကိုအထင်လွဲနေကြတာ၊ အပြစ်တင်ချင်နေကြတာ၊ တစ်လောကလုံး မောင်ပြောသလိုပဲ မြချို လောက် မောင့်ကိုဘယ်သူမှ နားမလည်ကြဘူး။

ဟော.....မီးရထားသံကြားတယ်နော်မောင်၊ မြို့ပတ်ရထားက ဒီအချိန် ရှိသေးလို့လား။ အောင်မလေးနော်....ဆူလိုက်တဲ့အသံကြီး ....သွားပြီ .... သွားပြီ ....ပျောက်သွားပြီ....။

ဟောတော် ....မောင်နဲ့မြချို့က ဘယ်လိုလုပ်ပြီး မီးရထားပေါ် ပါလာကြပါလိမ့် ....ဟာ....မြန်လိုက်တာ၊ ရထားကြီးကလည်း အရှိန် ကောင်းလိုက်တာ ပြတင်းပေါက်တွေက မြင်ရတဲ့ ရိပ်ကနဲရိပ်ကနဲ ကျန်ခဲ့တဲ့ မီးရောင်လေးတွေကလည်း ချက်ချင်းပဲ ပြန်ပြန်ပျောက်သွား ရော....။

သစ်ရွက်နံ့တွေလည်း ရတယ်နော်မောင်၊ မိုးရွာပြီးစ ရွက်စိမ်းနံ့ တွေ ထင်တယ်၊ အဲဒီအနံ့တွေကသိပ်ပြီးရှူရှိုက်လို့ကောင်းတာပဲ၊ ရထား ပြတင်းပေါက်ကနေလက်တွေကို ဆန့်တန်းပြီးကြည့်လိုက်စမ်းပါမောင်၊ မိုးစက်တွေ ကျနေတုံးပဲ၊ မျက်နှာပြင်ပေါ်ကို တစ်ပေါက်ပေါက်ကျနေတဲ့ အေးစက်စက် အထိအတွေ့ဟာလည်း မိုးရေစက်တွေပဲ မဟုတ်လား မောင်....။

တော်ပါသေးရဲ့ မိုးတိတ်သွားလို့....၊ ဘူတာရုံသေးသေးလေးတွေ နဲ့ ဟိုးဘက်ခပ်ဝေးဝေးက နေရာလေးတွေမှာတော့ မှိတ်တုတ်မှိတ် တုတ်မီးရောင်ကလေးတွေကို မြင်နေရသားပဲ။ တိုးကြောင်ကလေး ဘူတာကို ရောက်ခါနီးပြီထင်တယ်နော်။ သမီးလေးနဲ့လည်း တွေ့ရတော့ မယ်၊ ရထားက ခဏလေးရပ်တာနော်မောင်၊ အမြန်ဆင်းကြရအောင် ....။

ဟော....ရထားရပ်သွားပြီ၊ ဆင်းကြမယ်မောင်....ဟာ.... မီးရောင်လည်း မမြင်ရတော့ပါလား။ ရထားပေါက်ဝက ဘယ်မှာ လဲ....ဟိုဘက်မှာထင်တယ်....၊ လာ....လာမောင်အမြန်ဆင်းကြမယ်။ ဟင်....မောင်....မောင်ရော.... မောင် ဘယ်ရောက်သွားပြီလဲ၊ မောင့်ကို မတွေ့ရတော့ဘူး....မောင်....မောင်.... မောင်ရေ....။

* * *

"တော်တော်လှတဲ့မိန်းကလေးပဲ"
"အဖြစ်ဆိုးလိုက်တာနော်"

"သနားပါတယ်ဟယ်၊ ငယ်ငယ်လေးရှိသေးတယ်"

ခုနှစ်ပေပတ်လည် ဓနိမိုးထရံကာတဲကလေးအတွင်းမှ အဖြစ်အပျက်ကြောင့် မီးရထားလမ်းဘေးတစ်ဝိုက်တွင် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

အားလုံးထဲတွင် လူရောစိတ်ပါလှုပ်ရှားလွန်းနေသူကတော့ အကြည်လေးပင်ဖြစ်သည်။ သည်တဲကလေးထဲမှာ သူတစ်ညလုံး မြမြချိုနှင့်အတူနေခဲ့ရပြီး နံနက်လင်းသည်နှင့် ဟိုပြေးသည်ပြေး အကြောင်းကြားရသလို ဟိုမေး သည်မေး အမေးခံရဆုံးကလည်း သူပဲဖြစ်သည်။

သည်မြို့ပတ်ရထားပြေးဆွဲရာ ရန်ကုန်မြို့နှင့် အတန်ငယ် ဝေးကွာသော ဘူတာရုံကလေးအနီးမှ မီးရထားသံလမ်းဘေး ကတ္တရာကျိုသည့် အလုပ်ခွင်သို့ ရပ်ကလေးနှင့်မလိုက်အောင် နောက်ဆုံး ရောက်ရှိလာသည့် အလုပ်သမလေး မြမြချိုကားသူနှင့် အတူနေသူဖြစ်ခဲ့သည်။ အလုပ်သမားများ ခေတ္တနေထိုင်ရာ မီးရထားသံလမ်းဘေးမှ တဲသေးသေးကလေးများကို နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ညအိပ်ရုံကလေးတင် ငှားနေကြသောသူများထဲမှ အများနှင့်မတူဘဲ တမူထူးနေသည့် ရွယ်တူမိန်းကလေးကား သူနှင့်နေတာ လေးလပင် မပြည့်တတ်သေးပေ။

"သူက သက်န်းကျွန်းကအလုပ်လာဆင်းတဲ့ ဒေါ်ထွေးနဲ့အတူ ပါလာတာ။ သူလည်းအကြည်လေးလိုပဲ တစ်ပါတ်မှတစ်ခါ အိမ်ပြန်မှာဆိုတော့ အကြည်လေးနဲ့ပဲ အတူနေကြပေါ့။ ဒီအလုပ်က ပင်ပန်းတယ်ကလေးမရဲ့ တော်ရုံလူဒဏ်ခံနိုင်မှာမဟုတ်ဘူး၊ လုပ်ကြည့်ဦးပေါ့ အေ"

အလုပ်သမားခေါင်းဆောင်ကြီးတော်အုံးမြက မြမြချိုကို အကြည်လေးထံ လာပို့စဉ်က အရောင်မကောက်သော အဝတ်အစားနွမ်းနွမ်း ကလေးများကြားက တောက်ပသောအပြုံးမျက်နှာဖြင့်....

"ရပါတယ် ဒေါ်ဒေါ်၊ သမီးလုပ်နိုင်မှာပါ"

ဟုဆိုလိုက်သော အမူအရာလေးကို မြင်လိုက်ကတည်းက အကြည်လေး သူ့ကိုစွဲလမ်းချစ်ခင်သွားခြင်း ဖြစ်သည်။ နောက်နေ့များတွင်တော့ မြမြချိုသည် အကြည်လေးဘဝထဲသို့ နောက်ဆုံးမှ ဝင်လာသော်လည်း ချစ်ခင်နှစ်လိုဖွယ်အကောင်းဆုံးသော လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတစ်ယောက် ဖြစ်သွားတော့သည်။

"ဟာ....မမြချိုက အပျိုမဟုတ်ဘူးလား"

အကြည်လေး တအံ့တသြမေးစဉ်က

"မဟုတ်ပါဘူး ကြည်လေးရယ်၊ သမီးလေးတစ်ယောက်တောင် ရနေပါပြီ"

"မမြချိုယောကျ်ားကရော"

"မောင်က ခရီးသွားနေတယ်၊ နောက်ထပ်သုံးလလောက် ကြာဦးမှာ၊ မြချိုဒီမှာ အလုပ်လာလုပ်နေတာ မောင်တောင်မသိသေးဘူး။ ကြည်လေးကရော ဘယ်မှာနေတာလဲ"

အများက အကြည်လေးဟုခေါ်သောသူ့ကို ကြင်နာဟန်ဖြင့် ကြည်လေးဟု နူးနူးညံ့ညံ့ ဆက်ဆံမှုနှင့် 'မောင်'ဟူသော အသုံးအနှုန်းက အကြည်လေးတို့ပါတ်ဝန်းကျင်တွင် ရှားပါးဆန်းကြယ်နေသယောင်....။

"ကျွန်မတို့က လှိုင်သာယာမှာနေတာ၊ အဖေမရှိတော့ဘူး၊ မောင်နှမ များတယ်။ ဒါကြောင့် အကြီးဆုံးကျွန်မက အမေ့အတွက် ဈေးဖိုးရအောင် ဒီမှာအလုပ်လာလုပ်တာ၊ အမေနဲ့ညီမတစ်ယောက်ကလည်း ဈေးရောင်းတယ်။ အငယ်လေးတွေက ကျောင်းနေကြတုန်း၊ ကျွန်မကအဖော်ကောင်းတာနဲ့ ဒီမှာ အလုပ်လာဆင်းဖြစ်တာ နေ့တိုင်းသွားနေပြန်နေရင် လမ်းစရိတ်နဲ့ ဘာမှပိုမှာမဟုတ်ဘူး။ ဒါကြောင့် တစ်ပါတ်မှတစ်ခါပဲ ပိုက်ဆံကို အိမ်ပြန်ပို့ ဖြစ်တာ၊ ကျွန်မရှာတာက မောင်လေးတွေအတွက်ကျောင်းစရိတ်လေ၊ မမြချိုယောကျ်ားကရော ဘာလုပ်လဲဟင်"

"မောင်က သူ့သူငယ်ချင်းတွေနဲ့ အရောင်းအဝယ်လုပ်ဖို့ နယ်ကို လိုက်သွားတာ နှစ်လလောက်ရှိပြီ။ ဒီမှာက အလုပ်အကိုင် အဆင်မပြေဘူး၊ သမီးလေးနဲ့ မြချိုလည်း မောင့်မိဘတွေဆီမှာ ကပ်စားနေရတာ အားနာလာပြီ။ သူတို့ခမျာလည်း အဆင်မပြေကြရှာဘူး၊ ဒါနဲ့ ကလေးကို သူ့အဖွားနဲ့ အပ်ထားပြီး အဆက်အသွယ်တစ်ယောက် ဆီကနေတစ်ဆင့် ဒေါ်ဒေါ်ထွေးနဲ့တွေ့ပြီး ဒီအလုပ်ကိုရောက်လာတာပဲ။ မြချိုလည်း နေ့တိုင်းတော့ ပြန်ချင်တာပေါ့၊ သမီးလေးကိုလွမ်းတယ်။ ဒါပေမယ့် သမီးကတွယ်ပြီးရင် ပြန်ခွာလို့ရမှာ မဟုတ်ဘူး၊ ရတဲ့အလုပ်ခနဲ့ လမ်းစရိတ်နဲ့ ကာမိမှာ မဟုတ်တော့ တစ်ချက်ခုတ်နှစ်ချက်ပြတ် သမီးကိုနို့ဖြတ်ရင်း သူ့အဖွားနဲ့ထားပြီး ဒီမှာလာဆင်းတာပဲ။ မောင်ကလည်း နောက်သုံးလလောက်ကြာဦးမှာလို့ သူ့သူငယ်ချင်းတွေ မှာလိုက်တယ်"

ခုနှစ်ပေပတ်လည်သာကျယ်သော အမိုးမလုံသည့်တဲကလေးတွင် သူတို့နှစ်ဦး ကျဉ်းကျဉ်းကြပ်ကြပ်နှင့် နွေးထွေးစွာ အိပ်စက်ခွင့်ရသော ကာလများက သိမ်ပင်မကြာလိုက်ချေ။ တစ်ခုကောင်းသည်မှာ အလုပ်သမားခေါင်းဆောင်ကြီးတော်အုံးမြက သည်နေရာ သည်တဲစုကလေး၏အနီးတစ်ဝိုက်မှာ နေထိုင်ပြီး သူတို့လိုအလုပ်သမကလေးများကို လူမှုရေးအန္တရာယ်မှကင်းအောင် အရိုန်အဟန့်ကောင်းကောင်းဖြင့် လုံခြုံမှုပေးနိုင်သည်။ တစ်နေ့ရသည့် လုပ်အားခလေးရာသည် ဘူတာရုံကလေးရှိအလုပ်သမားများအတွက် ပေါပေါလောလောနှင့် ဗိုက်ပြည့်အောင်ရောင်းနိုင်သောဆိုင်ကလေးတွင် မြချိုနှင့် အကြည်လေးတို့အတွက် နံနက်/ညစာနှစ်ရာဖိုးလောက်ဖြင့် ချက်ပြုတ်ရသော တာဝန်ကိုကင်းစေပြီး တစ်ပါတ်လျှင်အသားတင်တစ်ထောင်နှင့် ထောင့်ငါးရာကြားလောက် အိမ်ပြန်ပို့နိုင်ခဲ့သည်။ အကြည်လေးတစ်ယောက်ကတော့ အိမ်ထောင်ရေးကိုစိတ်မဝင်စားနိုင်အားသေးသည့်တိုင် မြမြချိုသတိရတိုင်း လွမ်းဆွတ်တမ်းတနေတတ်သော သူမ၏'မောင်'နှင့်

သမီးလေး'လရိပ်ချို'တို့မိသားစုအကြောင်းကို ပုံပြင်လေးတစ်ပုဒ်နှယ် စိတ်ဝင်စားနေဖြစ်ခဲ့လေသည်။

လွန်ခဲ့သောတစ်ပါတ် အိမ်ကပြန်လာချိန်တွင်တော့ မြမြချို၏ အသွင်သဏ္ဌာန်မှာ အလွန်တရာပင်ပန်းနွမ်းနယ်ကာ စိတ်ထိခိုက် လာဟန်တူသည်။ စကားလည်းခါတိုင်းလို သွက်သွက်လက်လက် မပြောဘဲ ငိုင်၍သာနေသည်။

"မမြချိုဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

"ဟုတ်တယ် မြချိုအိမ်မှာဖျားသေးတယ်၊ ဆေးသောက်ပြီး သက်သာလို့ ပြန်လာတာ"

ဟုဆိုသည်။ ထိုနေ့က မြမြချိုအကြည်လေးနှင့်လိုက်၍ အလုပ် ဆင်းနိုင်သေးသည်၊ ထမင်းတော့ကောင်းကောင်း မစားနိုင်။

ထိုညက မြမြချိုအပြင်းဖျားသည်။ ကယောင်ကတမ်းနှင့် သူမ၏ 'မောင်' နှင့်သမီးလေးကို တမ်းတနေသေးသည်။ နံနက်လင်းခါနီးမှာ တော့ အဖျားကျသွားသဖြင့် ဘူတာရုံကကော်ဖီနှင့် အဖျားကျဆေးကို အကြည်လေးသွားဝယ်တိုက်ခဲ့ပြီးမှ အလုပ်ဆင်းလာခဲ့သည်။ ဒါတောင် မမြချိုက အလုပ်ဆင်းချင်သေးသည်။ သူ့ကိုယ်သူတောင် မဟန်နိုင် အောင် ယိုင်နဲ့နေသဖြင့် အကြည်လေးကဖျောင်းဖျပြီး ထားခဲ့ရသည်။

မြုန်းဒိုင်းကြီးသည်လိုဖြစ်သွားမည်ဟု အကြည်လေးလုံးဝ ထင် မထားခဲ့။

ထိုနေ့ကမှ အလုပ်တွေကများပြီး အပြန်မိုးချုပ်ခဲ့သည်။ ဘူတာရုံ နှင့် ခပ်လှမ်းလှမ်းမှ ဆန်ပြုတ်ဆိုင်ကလေးမှာ ဆန်ပြုတ်တစ်ခွက် သွား ဝယ်ပြီး အဖျားကျဆေးနှင့်တိုက်ရန် တဲကိုပြန်ရောက်လာတော့ ည ၈ နာရီထိုးလုပြီဖြစ်သည်။ တဲပေါက်ဝအရောက်တွင် မီးရောင်လုံးဝ မမြင်ရဘဲ ပိန်းနေသည့်အခါတွင်တော့ အကြည်လေးရင်ထဲတွင် ဒိတ်ကနဲဖြစ်သွားမိသည်။ ကမန်းကတမ်း ဖယောင်းတိုင်လေးတစ်တိုင် ထွန်းပြီး....

"မမြချို....မမြချို....ဘာလို့မီးမထွန်းတာလဲ"

ဟုဆိုပြီး သူ့အိပ်ရာဘေးကပ်သွားပြီး သေသေချာချာ ငုံ့ကြည့်လိုက်မိတော့ မနေ့ညကလိုပင် အဖျားတက်လျက်ရှိသော မမြချိုက ညည်းသံသဲ့သဲ့ ကြားမှ....

"အိမ်ပြန်ချင်တယ် အကြည်လေးရယ်"

ဟုပြောရှာသည်။ သူမမြချိုကို လွန်စွာသနားသွားလေသည်။ ပါလာသောဆန်ပြုတ်ပူပူကို ပန်းကန်ထဲထည့်တိုက်တော့ မမြချို မသောက်နိုင်တော့.... တစ်ချက်တစ်ချက်ညည်းညူရင်း သတိလက်လွတ်ဖြစ်သွားဟန်တူသည်။ မမြချိုတစ်ယောက်တော့ ဆေးကောင်းကောင်းပြန်ကုဖို့ လိုအပ်နေပြီဟုအကြည်လေး ထင်လိုက်ရုံမှတစ်ပါး သူတို့အား မြန်မြန်ဆန်ဆန်ခွဲခွာသွားလိမ့်မည်ဟုတော့ ယောင်မှား၍ပင် မတွေးမိခဲ့လေပါ။

အကြည်လေးတို့အလုပ်လုပ်သည့်နေရာက မီးရထားသံလမ်း၏ဘေးမှာမို့ အနီးဆုံးဘူတာက ရထားစီးချင်စီး၊ မစီးလျှင်တော့ အဝေးပြေးကားတွေ ဖြတ်သန်းသွားလာနေသည့် ကားလမ်းမကြီးသို့ အတော်လမ်းပေါက်အောင် လျှောက်ရသည်။

"နောက်ဆုံးရထား မီသေးလားဟင် ကြည်လေး"

မြမြချို၏နှုတ်မှလေသံယဲ့ယဲ့ကို နားထောင်ရင်း အကြည်လေးက

"မမီတော့ဘူးမမြချို၊ မနက်စောစောထွက်တဲ့ ရထားနဲ့မှ ပြန်ကြရအောင်နော်၊ မမြချိုကို အကြည်လေးလိုက်ပို့ပေးမယ်"

အမှန်ကတယ်ပင် မနက်စောစောထွက်မည့်ရထားနဲ့ လိုက်ပို့ရအောင် အကြည်လေး အဆင်သင့်ပြင်ခဲ့ပါသေးသည်။

* * *

"ကားလာခေါ်ပြီဟေ့"

"မြမြချိုအလောင်းသယ်ဖို့ကားလာနေပြီ"

အလုပ်သမားခေါင်းဆောင်နှင့် ဒေါ်ဒေါ်ထွေးတို့၏ စီစဉ်မှုဖြင့် နံနက်လင်းသည်နှင့် အကြောင်းကြားသင့်သည့်ကိစ္စကို အကြောင်းကြား၊ စီစဉ်သင့်သည်ကို စီစဉ်ပြီး မမြချို၏အဖေနှင့် အစ်ကိုနှစ်ယောက် ရောက်လာကြသည်။မကြာခင် အဖေကပြန်ထွက်သွားပြီး ယခုသွားခေါ်သောကားကြီးနှင့် ပါလာဟန်တူသည်။

လမ်းကကြမ်းလှဆိုးလှသည့်အပြင် ကတ္တရာကျိုသည့် အလုပ်သမားတွေ၏ တဲကလေးတွေက မီးရထားသံလမ်း၏ သည်မှာ ဘက်ဆီကဖြစ်ပြီး၊ ဝင်လာသည့်ကားက တခြားတဘက်ခြမ်းကမို့၊ စာတန်းတစ်တန်းနှင့် ဖုံးနံပါတ်တစ်ခုရေးထားသော ကားအဖြူကြီးတစ်စင်းကို မီးရထားသံလမ်း၏တစ်ဖက်မှာ ရပ်လိုက်သည်ကို အကြည်လေး လှမ်းမြင်လိုက်ရသည်။ မမြချိုကို ခေါ်သွားကြတော့မယ် ဟူသောအသိနှင့် အကြည်လေးဝမ်းနည်းကြေကွဲစွာ ငိုရှိုက်လိုက်မိသည်။

"မင်းက ဘာလို့ငိုတာလဲ၊ သူနဲ့မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ဘယ်အချိန်က အနားရောက်လာမှန်းမသိသော ညို့သည် အမျိုးသမီး တစ်ယောက်က အကြည်လေးပခုံးကိုဆုပ်ကိုင်၍ မေးလိုက်မှ ထိုမိန်းမကို အကြည်လေးသတိပြုမိသွားသည်။

"သူကကျွန်မနဲ့အတူနေပြီး အလုပ်လုပ်တဲ့သူပါ၊ သူကကျွန်မကို သိပ်ခင်တာ၊ အခု သူမရှိတော့ ကျွန်မတစ်ယောက်တည်း ဘယ်လိုနေရတော့မလဲ"

သူမကိုပြန်ပြောရင်းမှ အကြည်လေးပို၍ ဝမ်းနည်းသွားသည်။

"မင်းတို့ကဒီမှာ ဘာလုပ်ကြတာတုန်း"

"ကတ္တရာကျိုတာပါ"

"ဘုရားရေ....ကောင်မလေးဒီလောက်အပင်ပန်းခံနိုင်လို့လား၊ သူ့မှာ နှလုံးအားနည်းတဲ့ရောဂါလည်းရှိတယ်၊ သူဒီမှာလာလုပ်နေတာ ဘယ်လောက်ကြာပြီလဲ"

သည်တစ်ခါမေးတာက မနက်ကပါလာတဲ့ မမြချိုရဲ့အစ်ကိုတစ်ယောက်ဖြစ်သည်။

ထိုစဉ်မှာပဲ မီးရထားလမ်းတစ်ဘက်မှာ ရပ်ထားသည့်ကားဆီမှ အလောင်းတင်သည့်စတီးလ်ကပ်နှင့် ရှည်မျောမျော အကောင်းစား ခေါင်းတစ်ခုကို လူနှစ်ယောက်ရှေ့နောက်မပြီး ရထားသံလမ်းကိုကျော်၍ သယ်လာကြသည်။

အနီးပတ်ဝန်းကျင်တဲများနှင့် အလုပ်သမားများအားလုံး စိတ်ဝင်တစားနှင့် အထူးအဆန်းပမာ ဝိုင်းပြီးကြည့်နေကြစဉ် စောစောက အမျိုးသမီးက တဲထဲသို့ငုံ့ဝင်ပြီး မမြချိုအလောင်းကိုကြည့်ကာ အပြင်သို့ လှမ်းပြောသည်။

"အခေါင်းကို ဒီထဲသွင်းလို့မရဘူး။ အဲဒီတဲရှေ့နားမှာ အသာချထားလိုက်ပါ၊ သူ့ကိုပွေ့ထုတ်ပြီး အပြင်မှာပဲထည့်မှရမယ်"

အလုပ်မှတာဝန်ရှိသူများ၊ မြမြချို၏အဖေနှင့် ထိုအမျိုးသမီးတို့စကား ခဏပြောကြပြီး မြမြချိုအလောင်းကို တဲထဲမှ ပွေ့ထုတ်ရန် ပြင်ဆင်ကြသည်။ ပထမမြမြချိုအလောင်းကိုသာ အာရုံစိုက်နေကြသော သူတွေက ယခုရောက်လာသော ကားအကောင်းစား၊ ခေါင်း အကောင်းစားကြီးနှင့် ထိုအမျိုးသမီးနှင့် ကားပေါ်မှဆင်းလာကြသော သူများ၏ ရင်ဘတ်ပေါ်မှ တူညီသောစာတန်းတံဆိပ်များကို တအံ့တဩ ကြည့်လို့နေသည်။

"ဝင်သယ်လိုက်တော့မယ်နော်အစ်မ"

ပါလာသောလူတစ်ယောက်က တဲထဲဝင်ရန်အပြင်တွင်

"ကျွန်တော် သယ်ပါရစေနော်၊ ကျွန်တော့်သမီးကို ကျွန်တော် သယ်ပေးပါရစေ"

"သယ်ပါ....သယ်ပါ.... အသာလေးပွေ့ယူပြီး အပြင်က ကပ်ပေါ် တင်လိုက်ပါ"

မြမြချိုအဖေက သူ့သမီးအလောင်းကိုဝင်ပွေ့ယူဟန်ပြင်တော့ အကြည်လေးနောက်ဆုံးအနေဖြင့် သူချစ်သောမြမြချိုကို အားရပါးရ စိုက်ကြည့်နေလိုက်သည်။ ညက မိုးကြီးလေကြီး ကျထားသည့်အရှိန်နှင့် တဲကလေးမှာ သုတ်သင်ထားသည့်ကြားကပင် အစိုဓာတ်က ရှိနေဆဲ၊ မြမြချို၏ဆံပင်နှင့်မျက်နှာများပေါ်သို့ပင် မိုးပေါက်များ ကျနေသဖြင့် သူ မနည်းကာကွယ်ခဲ့ရသေးသည်။ မြမြချို၏အဖေသည် မြမြချို ကိုယ်ကလေးကို ပွေ့ချီယင်းမှ . . . .

"ကြည့်စမ်းပါဦး အသားတွေလည်းမည်းသွားလိုက်တာ၊ ဆံပင်ကလည်း ဘာမှတောင်မရှိတော့ဘူး။ မိုက်လိုက်တဲ့ကလေးရယ်၊ အဖေ မကြည့်ရက်လိုက်တာ" သည်လောက်လှပနေသည့်မြမြချိုကို သည်လို ပြောတာကိုဖြင့် အကြည်လေးသိပ်မကျေနပ်ချင်ပါ။ မကျေနပ်နိုင်ဆုံးကတော့ သူကြားဖူးနေကျပုံပြင်ထဲက မြမြချို၏ချစ်လှစွာသော 'မောင်'နှင့်သမီးလေး'လရိပ်ချို'ကို မမြင်ဖူးလိုက်ရခြင်းပဲဖြစ်သည်။

* * *

သူမအနေနှင့်ကတော့ အသုဘရုပ်အလောင်းများနှင့် ရင်းနှီးနေခဲ့တာ ကြာပြီဖြစ်သည်။ လူ့ဘဝ၏အစမှအဆုံးသို့ တိုင်မည်သို့မည်ပုံဖြတ်သန်းခဲ့ကြလေသည်မသိသော လူစိမ်းသူစိမ်းများ၏ ရုပ်အလောင်းများကိုလည်း သူမ တိတ်ဆိတ်ငြိမ်သက်စွာ ရင်းနှီးကျွမ်းဝင် ကူညီသယ်ဆောင်ခဲ့ဖူးသည်ဖြစ်သည်။

ယခုလည်းမော်တော်ကားနောက်ခန်းတွင် အလောင်းတစ်လောင်း ပါလာခြင်းက သူမအတွက်ဘာမှအထူးဆန်း။

ထူးဆန်းနေသည်က ထိုရုပ်အလောင်း၏ဘေးမှ ငိုညည်းပွဲတင်သံများသာဖြစ်သည်။

မေတ္တာစေတနာသက်သက်ဖြင့် နာရေးကူညီမှုလုပ်ငန်းများကို အခမဲ့ ဆောင်ရွက်ပေးနေသော သူမပါဝင်လုပ်အားပေးနေသောအဖွဲ့သို့ လာရောက် အကူအညီတောင်းသူက မိန်းကလေး၏အဖေ ကိုယ်တိုင် ဖြစ်သည်။ ဤမိန်းကလေး၏ရုပ်အလောင်းကို မီးရထားသံလမ်းကို ကျော်၍ ကားဆီသို့သယ်ယူလာပြီးချိန်တွင် မှုန်းမှုန်းရှုံးရှုံး ကသောကမျော နှင့် အလဲလဲအပြိုပြိုပြေးလာသော လူငယ်တစ်ယောက်နှင့် ကောင် မလေး၏ဖခင်တို့ ဆွဲလွဲရုန်းကန်နေကြသည်ကိုကြည့်၍ သူမ စတင် စိတ်ဝင်စားခဲ့ရခြင်းဖြစ်သည်။

"ဟေ့ကောင်....မင်းခုမှလာပြီးတော့ အပိုတွေလုပ်မနေနဲ့၊ မင်းကို ငါ သက်မီလိမ့်မယ်နော်၊ မင်းငြိမ်ငြိမ်နေ"

"ကျွန်တော်မှားပါတယ်အဖေရဲ့၊ ကျွန်တော်ခဏလေးကြည့်ပါ ရစေနော်၊ ကျွန်တော်လိုက်ခဲ့မယ်အဖေနော်"

ရုပ်ရည်သနားကမားနှင့် ပျိုရွယ်သော်လည်း မျက်လုံးပင် မဖွင့်နိုင် အောင် မှုးနေသောသူမှာ မိန်ကလေး၏ နှလုံးသားနှင့် အနီးစပ်ဆုံး လူတစ်ယောက်ဖြစ်လိမ့်မည်ဟု ထိုစဉ်ကပင် သူမခန့်မှန်းမိခဲ့သည်။

"မကြည့်ရဘူးကွာ၊ မလိုက်ရဘူးကွာ၊ မင်းကြည့်ချင်ရင် နောက် နေ့မှကြည့်။ ကဲ– အစိုးနဲ့တိုးတိုး ကားပေါ်လိုက်သွား"

လက်သီးကိုကျစ်ကျစ်ဆုပ်၍ မေးကြောကြီးများထောင်အောင် အံကြိတ်ကာ အတော်ထိမ်းထိမ်းသိမ်းသိမ်းနေပုံရသော လူရွယ်နှစ်ဦးက မိန်းကလေးအလောင်းတင်ထားရာ သူမတို့ကားနောက်ခန်းသို့ တက် လိုက်ပြီးသည့်အချိန်တွင်တော့ ကားနောက်ခန်းတံခါးပိတ်ကာ ထိန်ပင် အအေးတိုက်ဆီသို့ မောင်းထွက်ခဲ့ကြသည်။

နံနက်သူမတို့ ရုံးဖွင့်ချိန်ကတည်းက စိတ်လှုပ်ရှားပူပန်မှု များစွာ ဖြင့် ရောက်နေခဲ့သော သေဆုံးသူမိန်မကလေး၏ဖခင်၊ အလောင်း သယ်ယူပြီးချိန်မှ ရောက်ရှိလာသော မူးယစ်ရီဝေနေသည့် လူငယ်တစ်ဦး၊

သူမသတိထားမိချိန်မှစတင်ပြီး စကားတစ်ခွန်းမှမပြောသေးသော်လည်း ထိခိုက်ခံစားနေပုံရသော လူရွယ်နှစ်ဦးတို့မှာ မိန်းကလေး၏ဘဝထဲမှ အရင်းနှီးဆုံးသော ပတ်ဝန်းကျင်သာဖြစ်ရမည်ဟု သူမခန့်မှန်းနေဆဲမှာပင် ကားနောက်ခန်းမှ ငိုညည်းသံသဲ့သဲ့နှင့်အတူ စကားသံများက သူမရှိရာကားရှေ့ခန်းသို့တိုင် ပျံ့လွင့်ထွက်ပေါ်လာခဲ့သည်ကတော့ သူမအတွက် အံ့သြထိတ်လန့်စရာဖြစ်ခဲ့သည်။

"ညီမလေး...."

"ညီမလေး...."

ဟူသော အသံများသာ ငိုသံနှင့်အတူ ပလုံးပထွေး ထွက်ပေါ်နေသော်လည်း နောက်ပိုင်းတွင်တော့ အသံများက တဖြည်းဖြည်း သဲကွဲလာသည်။ ကားနောက်ခန်းက ညီအစ်ကိုနှစ်ယောက်မျက်ရည်ကာတာကျိုးကြရှာလေပြီ။ သူမလှည့်မကြည့်ရပါပဲနှင့် လူနှစ်ယောက်၏အသံများကို သဲကွဲစွာကြားနေရသည်။

"ငါ့ညီမလေး....အမိုက်မလေး....ငါတို့နဲ့ခဏပဲခွဲရမယ် မှတ်တာ....အခုတော့ နင်တကယ်ပဲ အပြီးအပိုင် ခွဲသွားတော့မယ်ပေါ့"

"အစ်ကိုကလည်းဗျာ....ငိုမနေပါနဲ့"

ငိုမနေပါနဲ့ဟုတားနေသောသူထံမှလည်း ငိုနေလျက်က ပြောနေခြင်းပင် ဖြစ်သည်။

"ငါတို့မှာ ဒီညီမလေးတစ်ယောက်တည်းရှိတာ၊ မိုက်လိုက်တာ ညီမလေးရယ်၊ နင့်အကောင်ကို နင်သိပ်ယုံလို့ နင်ဒီဘဝရောက်တာ၊ အကိုစိုးကို ကြောက်တယ်ဆို၊ နင်ငါ့ကြောက်စရာမလိုပါဘူးဟဲ့၊ တကယ်ကြောက်ရမှာက နင့်ယောကျ်ားကိုပါ၊ နင့်ကိုအယုံတွေသွင်းပြီး နေချင်သလိုနေနေတဲ့ကောင်၊ သားမှန်းမယားမှန်းမသိဘဲ ပျော်ရာမှာ သာယာနေတဲ့ကောင်"

"အဲဒီကောင်ကို ကျွန်တော်သတ်မယ် အစ်ကိုရာ.... ဟိုနေ့ကျလို့ လာငိုရင် ဆွဲထိုးပစ်မယ်"

"ဟော့ကောင် ငတိုး....ငါတောင်ဘာမှမလုပ်ဘူး၊ မင်းလည်း လုပ်စရာမလိုဘူး၊ တစ်ရှုံးကနှစ်ရှုံးအဖြစ်မခံနိုင်ဘူးကွ၊ အမေ့ကို လည်းငဲ့ဦး၊ အမေ သေသွားလိမ့်မယ်၊ အခုတောင် အမေ့ကို ဘယ်လို ပြရမယ် မသိတာ၊ နောက်ပြီး မင်းတို့ငါတို့မှာ သားမယားတွေနဲ့၊ မင်းဒေါသကိုထိန်းနော်၊ ဒီကောင့်အတွက်နဲ့ ငါတို့ထပ်ပြီး ဘာမှ အနာ မခံနိုင်တော့ဘူး"

"ကျုပ်တို့ညီမလေးကိုဗျာ၊ ဒါမျိုးထားရက်တယ်၊ အစတုန်းက ပြောတော့ စက်ရုံမှာအလုပ်ဆင်းနေတာဆို"

"အဲဒါကတော့ ငါတို့သိရင်စိတ်ဆင်းရဲမှာစိုးလို့ ညီမလေး ကိုယ်တိုင်က ပြောထားတာပါကွာ၊ အခုတောင် သူတို့ ဘာလုပ်ရမှန်း မသိလို့ အဖေ့ကိုလာခေါ်ကြတာ၊ သူတို့ကိုပဲကျေးဇူးတင်ရဦးမယ်"

"အဲဒါက အဖွားကြီးတစ်ယောက်တည်းရှိနေတုန်းလာပြောလို့ပါ အစ်ကိုရ၊ ဟိုကောင်သာ အိမ်မှာရှိနေရင် ကျုပ်တို့သိတောင် သိလိုက် မှာ မဟုတ်ပါဘူး"

ပြောပြော....ငိုငို....နှင့် သူမဇာတ်လမ်းတစ်ပုဒ်ကိုတစ်ပိုင်းတစ်စ ခြုံငုံမိသလို ရှိလာသည်။

"ညီမလေး....ညီမလေးဘေးမှာ အစ်ကိုစိုးရော အစ်ကိုတိုးရောရှိ တယ်၊ ညီမလေး....အစ်ကိုစိုးပြောမယ် သေသေချာချာနားထောင် နော်...."

ဟင်....အသုဘရုပ်အလောင်းကို သက်ရှိလူသားလိုပြောနေပါ လား....၊ သူမ၏ဦးခေါင်းနှင့်ကျောပြင်သည် ကားရှေ့ခန်းနှင့် နောက် ခန်းခြားထားရာ မှန်ချပ်ဆီသို့ ပိုမိုနီးကပ်သွားသည်။

"ညီမလေးယောက္ခမဆီမှာ သမီးလေးကျန်ခဲ့တယ်နော်။ အဲဒီသမီး လေးကို အစ်ကိုစိုးနဲ့အစ်မသွယ်ကို ပေးခဲ့နော်ညီမလေး....၊ ညီမလေး အသုဘချတဲ့နေ့ကျရင် ကလေးကိုလိပ်ပြာခွဲကြမယ်၊ အစ်ကိုစိုးတို့

ဘက်ကို သိသိသာသာကြီး အသာပေးလိုက်ပါညီမလေးရယ်နော်.... အစ်ကိုတို့လေ သမီးလေးကို ငါ့ညီမလေးကိုယ်စား ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ မွေးကြမှာပါညီမလေးရယ်၊ နင့်အစ်မသွယ်ကလည်း နင့်ကို ညီမအရင်းလိုချစ်တာပါ၊ သမီးလေးကိုလည်း သမီးအရင်းလို မွေးမှာပါညီမလေးရာနော်...."

"ဟုတ်တယ်....ညီမလေးရဲ့၊ ကလေးကိုသူတို့နဲ့ထားရင် ကလေး ဒုက္ခဖြစ်မှာ၊ အစ်ကိုစိုးတို့ကိုပေးလိုက်နော်.... အဲဒါမှ အစ်ကိုတိုးတို့နဲ့ လည်းတွေ့ရမယ်၊ အဘိုးအဘွားတွေနဲ့လည်းနေရမယ်၊ ညီမလေး စိတ်ချလက်ချပေးခဲ့နော်"

သူမသည်ကား နောက်ခန်းထဲမှ သက်ရှိသက်မဲ့ မောင်နှမသုံး ယောက်၏ ဖြစ်အင်ကို ကြားနေလျက်ကပင် အစ်ကိုနှစ်ယောက်နှင့် ဆန့်ကျင်စွာပင် မိန်းကလေးအတွက် တစ်စုံတစ်ခုကိုရင်ထဲမှ ရေရွတ် နေမိလိုက်တော့သည်။

တကယ်လို့သာ နောင်ဘဝဆိုတာများရှိခဲ့ရင် ဒီပုံစံနဲ့တော့ လောကကြီးထဲမှာ လူလာမဖြစ်ပါနဲ့တော့မိန်းကလေးရယ်....။ ။



ရေဝေး

ထိန်ပင်

ထားဝယ်ချောင်

# သန်းမြင့်အောင်